ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့၊ (12-1-2007) (၅၂၀၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အာဆီယံထိပ်သီးညီလာခံနှင့် ထိပ်သီးအစည်းအဝေးများတက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာသွားသော

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော်　ဇန်နဝါရီ　၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာမာကါပါကဲလ် အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ ထိပ်သီးညီလာခံ၊ တတိယအကြိမ် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ထိပ်သီးအစည်းအဝေး၊ အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၊ အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေး၊ အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးနှင့် ဒုတိယအကြိမ် အရှေ့အာရှထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ အထူးလေယာဉ်ဖြင့်ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဒုတိယ ဗိုလ်ချုပ်ကြီး တင်အေး၊

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ☆

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာ မာဂါပါကဲလ် အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် **အာဆီယံထိပ်သီးညီလာခံနှင့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၂-၁-၂၀၀၇
(သောကြာနေ့)

ကုန်းတွင်းနှင့်ကမ်းလွန်၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေ

မြန်မာနိုင်ငံ၏ ဘူမိအနေအထားအရ ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်သည့် အလားအလာကောင်းများကို တွေ့နေရသည်။ စွမ်းအင်ဝန်ကြီးဌာနက ပြည်တွင်း၌ စွမ်းအင်ပြည့်ဝဖူလုံစေရေးနှင့် နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ဒေသများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးချဲ့ရှာဖွေထုတ်လုပ်လျက်ရှိသည်။

ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေများအနက် ဧရာဝတီတိုင်း ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ၌ တွင်းသစ်များ ရှာဖွေတူးဖော်လျက်ရှိရာ ထုတ်လုပ်နိုင်မှု အလားအလာ ကောင်းမွန်နေသည်။ မကြာသေးမီက တူးဖော်ခဲ့သည့် တွင်းသစ် အမှတ်(၃၇)မှ နေ့စဉ်သဘာဝဓာတ်ငွေ့ကုဗပေ ၃ဒသမ ၁၂ သန်း ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့ ကုဗပေ ၈၁ သန်းကျော်နှင့် လေဆီ စည် ၇၂၀ ကို နေ့စဉ် ထုတ်လုပ်ပေးနေပြီဖြစ်သည်။

အလားတူ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင်လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့များထွက်ရှိမှု အလားအလာ ကောင်းမွန်လျက်ရှိရာ မုတ္တမကမ်းလွန်လုပ်ကွက်၊ တနင်္သာရီကမ်းလွန် ရဲတံခွန် လုပ်ကွက်နှင့် ရခိုင်ကမ်းလွန် ရွှေလုပ်ကွက်တို့တွင် ပြည်ပရေနံရှာဖွေရေး ကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်းလုပ်ကိုင်လျက်ရှိသည်။

အဆိုပါ လုပ်ကွက်များအနက် မုတ္တမကမ်းလွန်လုပ်ကွက် အမှတ် M-9 ရှိ အစမ်းတွင်းအမှတ် ဇောတိက-၁ (က)ကို စမ်းသပ်တူးဖော်ခဲ့ရာ နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝ ဓာတ်ငွေ့ သိုက်ကြီးတစ်ခုတွေ့ရှိရပြီး သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှုမှာ ၂ဒသမ ၅ထရီလီယံကုဗပေခန့် ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ ဘူမိအနေအထား၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖြစ်ထွန်းတည်ရှိနေမှု အလားအလာများကို အခြေခံ၍ ကုန်းတွင်းပိုင်း ရေနံမြေများတွင်သာမက ကမ်းလွန်ပင်လယ်ပြင်လုပ်ကွက်များ၌ပါ တိုးချဲ့ရှာဖွေတူးဖော်ခြင်းဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်ပါသည်။ ။

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် အရိုးကုန်းလမ်းနေ ဦးစိန်သန်း-ဒေါ်ခင်နု မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိမလ(ကျောက်ဆည်) ထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လှော်ကားနှင့် သာကေတ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် သန်လျင်ဓာတ်အားခွဲရုံ တည်ဆောက်မှုစီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇန်နဝါရီ ၈ရက်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် လှော်ကားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိရာ ရှေးဦးစွာ စက်ရုံမှူး ဦးသိန်းဇော်က စက်ရုံသို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြသသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှော်ကားဓာတ်အားပေး စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် Gas Yardအတွင်းလျှပ်စစ်ကျွမ်းကျင်လုပ်သားများ သဘာဝဓာတ်ငွေ့ပါရှိသော အမှုန့်များအား သန့်စင်မှုတ်ထုတ်နေမှု၊ ရေနွေးတာဘိုင်မောင်းနှင်နေမှု၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံများ၌ အသုံးပြုရန် စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် သာကေတလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းလွင်နှင့် စက်ရုံမှူး ဦးထွန်းလှိုင်တို့က စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် အသစ်လဲလှယ်မည့် စက်အစိတ်အပိုင်းပစ္စည်းများကို ရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သာကေတစက်ရုံသို့ သွယ်တန်းပို့လွှတ်ထားသော သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစက်များ လှည့်ပတ်မောင်းနှင်ရာ၌ ထိခိုက်မှုမရှိစေရန် ငါးမိနစ်လျှင်တစ်ကြိမ် သဘာဝဓာတ်ငွေ့ သန့်စင်မှုတ်ထုတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန်အတွက် လုပ်ငန်းကို နေ့ရောညပါ တာဝန်ခွဲဝေဆောင်ရွက်စေလိုကြောင်းနှင့် အသစ်လဲလှယ်မည့် စက်အစိတ်အပိုင်းပစ္စည်းများကို အမြန်ဆုံးလဲလှယ်ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအနီး ၂၃၀/၃၃ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းခန်းမ၌ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (တောင်ပိုင်း) ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က ၂၃၀ ကေဗွီ သန်လျင်ဓာတ်အားခွဲရုံ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တည်ဆောက်

ဆက်လက်၍ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း) စီမံကိန်းမန်နေဂျာ ဦးစောဝင်းမောင်က ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း ရာခိုင်နှုန်း ၉၀ ပြီးစီးမှုနှင့် တည်ဆောက်ပြီးစီးပါက ဖီဒါရှစ်ခုဖြင့် ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းစေရေးတို့ကို မှာကြားပြီး ဓာတ်အားထိန်းချုပ်မှုခန်းမ တည်ဆောက်ပြီးစီးမှုနှင့် ဓာတ်အားခွဲရုံသို့ ပစ္စည်းများ ရောက်ရှိနေမှုနှင့် Swith Yard တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၂၃ ရက်က လမ်းမတော်မြို့နယ် (၁၂)ရပ်ကွက်ရုံးတွင် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးမြင့်မောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (မြို့နယ်ပြန်/ဆက်)

ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်မှု နယ်စပ်/စည်ပင် ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၈ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက် လမ်းအမှတ်(၁) ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ငါးဘတ်ကုန်းရှင်းလင်းဆောင်၌ ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုးတို့က လမ်းနှင့်တံတား တည်ဆောက်ပြီးစီးမှုလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် ပေါင်းတည်မြို့ မိုင်တိုင်(၁၂၉/၀)အနီးနှင့် နတ်တလင်းမြို့နယ် မိုင်တိုင်(၁၂၂/၀)အနီးရှိ ကျောက်ချောလမ်းခင်းနေမှုနှင့် မင်းဘူးချောင်းတံတား တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

—ဆောင်ရွက်ပြီးစီး —

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် ပေါက်ခေါင်းမြို့နယ် ပွိုင့်(၈၈၇) တောင်ကုန်းမှ စတင်၍ ပေါင်းတည်၊ နတ်တလင်း၊ ဇီးကုန်း၊ ကြို့ပင်ကောက်၊ အုတ်ဖို၊ မင်းလှနှင့် လက်ပံတန်းမြို့နယ်များကို ဖြတ်သန်းကာ သာယာဝတီမြို့နယ် ဇကာကုန်းကျေးရွာအထိ စုစုပေါင်း အရှည် ၁၂၆ မိုင် ၆ဖာလုံရှိပြီး မြေသားလမ်း ၁၂၆ မိုင် ၆ဖာလုံနှင့် ကျောက်ချောလမ်း ၆၅မိုင် ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ယခုဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်း ၆၁ မိုင် ၃ဖာလုံ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖိလစ်ပိုင်သမ္မတ နိုင်ငံ စီးဘူးမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ ထိပ်သီးညီလာခံနှင့် ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Joselito Chad N. Jacinto, Jr ပို့ဆောင် နှုတ်ဆက်စဉ်။

(သတင်းရှေ့ဖုံး)

(သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လမ်းလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကော်မတီဝင် ဦးကျော်စိုး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန-ဌာနမှူး ဦးလင်းထွန်းမြင့်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က သဃ်္ဃန်းကျွန်းမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ ရေစီးရေလာကောင်းမွန်စေရန်နှင့် ယာဉ်သွားလာမှုချောမွေ့စေရန် လုပ်ငန်းများဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် သင်္ဃန်းကျွန်းမြို့နယ် ဆယ်သိန်းရပ်ကွက်ထိပ် လေးထောင့်ကန်လမ်းသို့ နံနက် ၇ နာရီတွင် ရောက်ရှိလာရာ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးက ရေစီးရေလာကောင်းမွန်စေရန် လေးထောင့်ကန်လမ်းဘေးမြောင်းမကြီးနှင့် မြေအောက်ဖြတ်မြောင်းများရှိ အမှိုက်များ၊ နုန်းများ ရှင်းလင်းဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်း ပြသသည်။

ဆက်လက်၍ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား ဌာနမှူး ဦးဗိုလ်ဌေးက သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်နှင့် မြောက်ပိုင်းမြို့နယ် လမ်းဆုံဆက်သွယ်သည့် လမ်း၏အဓိကအပိုင်းဖြစ်သည့် ၅၃၃ ပေရှည် ပြည်ထောင်စုခုံးကျော်တံတားပေါ်၌ ခေတ်မီစက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာ ခင်းကျင်းနေမှု လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် မြို့တော်ဝန်သည် တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် သခွပ်ပင်တံတားအနီး ရေနုတ်မြောင်းများ တိုးချဲ့တူးဖော်နေမှု၊ (၁၃)ရပ်ကွက်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အဝင်လမ်းဖြတ် မြေအောက်မြောင်း ပြီးစီးနေမှု၊ မြောက်ဥက္ကလာပမြို့နယ် အုတ်ပုံဆိပ်မှ တာဝါတိုင်အတွင်းရှိ ပေ ၂၀၆၀ ရှည် သံသုမာလမ်းမကြီးအား ခြောက်လမ်းသွား ကျောက်ချောကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြို့တော်ဝန်က ပွင့်လင်းရာသီတွင် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ဆောင်ရွက်ရမည့် လုပ်ငန်းများကို သွက်လက်မြန်ဆန်စွာဖြင့် ရေရှည်တည်တံ့အောင် ကြိုးပမ်းသွားရန် မှာကြားသွားသည်။

(၁၉)

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုခုံးကျော်တံတားပေါ်တွင် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

သန်လျင်မြို့ သတ္တုသန့်စင်စက်ရုံဝင်းနေ အဘွားချစ်မယ်၏ အသက် (၁၁၃)နှစ်မြောက် မွေးနေ့အလှူအဖြစ် သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီးအတွက် အလှူငွေကျပ် ၁၂၀၀၀၀၀ ကို ဇန်နဝါရီ ၉ ရက်က ပေးအပ်လှူဒါန်းရာ တည်ဆောက်ရေးအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်စိုး(ငြိမ်း)နှင့် တာဝန်ရှိသူများ လက်ခံရယူစဉ်။ (၅၂၇)

ဓမ္မာစရိယစာမေးပွဲ အချိန်စာရင်းထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ရက်စွဲ၊ ၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၃)ရက်

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၅)ရက်

၁၃၆၈ ခုနှစ် (၂၀၀၇ခုနှစ်) ဓမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

အချိန်စာရင်း

ရက်စွဲ	အချိန်	ဘာသာ
၁၃၆၈ခုနှစ်၊နှောင်းတန်ခူးလပြည့်ကျော်(၂)ရက် ၃-၄-၂၀၀၇(အင်္ဂါနေ့)	မွန်းတည့်(၁၂)နာရီမှ ညနေ (၄)နာရီအထိ	ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိ အဋ္ဌကထာ (၁)
၁၃၆၈ခုနှစ်၊နှောင်းတန်ခူးလပြည့်ကျော်(၃)ရက် ၄-၄-၂၀၀၇(ဗုဒ္ဓဟူးနေ့)	၎င်း	၎င်း (၂)
၁၃၆၈ခုနှစ်၊နှောင်းတန်ခူးလပြည့်ကျော်(၄)ရက် ၅-၄-၂၀၀၇(ကြာသပတေးနေ့)	၎င်း	သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၁)
၁၃၆၈ခုနှစ်၊နှောင်းတန်ခူးလပြည့်ကျော်(၅)ရက် ၆-၄-၂၀၀၇(သောကြာနေ့)	၎င်း	၎င်း (၂)
၁၃၆၈ခုနှစ်၊နှောင်းတန်ခူးလပြည့်ကျော်(၆)ရက် ၇-၄-၂၀၀၇(စနေနေ့)	၎င်း	ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၁)
၁၃၆၈ခုနှစ်၊နှောင်းတန်ခူးလပြည့်ကျော်(၈)ရက် ၉-၄-၂၀၀၇(တနင်္လာနေ့)	၎င်း	၎င်း (၂)
၁၃၆၈ခုနှစ်၊နှောင်းတန်ခူးလပြည့်ကျော်(၉)ရက် ၁၀-၄-၂၀၀၇(အင်္ဂါနေ့)	၎င်း	မြန်မာဂုဏ်ထူး ပါစိတျာဒိပါဠိအဋ္ဌကထာ သုတ်မဟာဝါ၊သုတ်ပါထိကပါဠိ အဋ္ဌကထာ၊ မဇ္ဈိမနိကာယ ပါဠိ အဋ္ဌကထာ၊သံယုတ္တနိကာယပါဠိအဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယ ပါဠိအဋ္ဌကထာ၊ ဝိဘင်္ဂါဒိ ပါဠိအဋ္ဌကထာ၊ပဋိသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ
၁၃၆၈ခုနှစ်၊နှောင်းတန်ခူးလပြည့်ကျော်(၁၀)ရက် ၁၁-၄-၂၀၀၇(ဗုဒ္ဓဟူးနေ့)	၎င်း	ပါဠိဂုဏ်ထူး ပါစိတျာဒိ ပါဠိအဋ္ဌကထာ (၁) သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ (၁) ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၁)
၁၃၆၈ခုနှစ်၊နှောင်းတန်ခူးလပြည့်ကျော်(၁၁)ရက် ၁၂-၄-၂၀၀၇(ကြာသပတေးနေ့)	၎င်း	ပါစိတျာဒိပါဠိအဋ္ဌကထာ (၂) သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ (၂) ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၂)

ကဝမြို့နယ် အထက သက္ကလ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ပဲခူးတိုင်း ကဝမြို့နယ် အထက သက္ကလတွင် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ကျောင်းသူ၊ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးမောင်စန်း ဖုန်း-၀၁-၂၄၇၈၈၆၊ ကိုမင်းအောင် ဖုန်း-၀၁-၂၄၇၁၉၈၊ ကိုကျော်စိုး ဖုန်း-၀၉၅၁ ၀၃၉၉၃၊ ဒေါ်မြင့်မြင့်စိန် ဖုန်း-၀၁-၆၆၇၁၈၃၊ ၀၉ ၅၀၀ ၆၀၅၂၊ ကိုခင်ကျော်ဝင်း ဖုန်း-၀၁-၅၄၈၀၂၅၊ ကိုမျိုးလွင်(ခ)ကိုမျိုးသန်းဦး ဖုန်း-၀၁-၅၃၄၇၇၇၊ ၀၁-၇၀၄၉၂၂ နှင့် ကိုစိုးဦး ဖုန်း-၀၅၂-၂၃၃၇၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

တိုက်ကြီးမြို့ အထကနှင့်အလက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ရက်က အထကအနော်ရထာခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။ (က-ပ)

ရုရှားကုမ္ပဏီသုံးခုကို အမေရိကန်က စီးပွားရေးဒဏ်ခတ်မှု အခြေအမြစ်မရှိကြောင်း ရုရှားဒုတိယဝန်ကြီးချုပ်ဝေဖန်

မော်စကို ဇန်နဝါရီ ၁၀

ရုရှားကုမ္ပဏီသုံးခုကို အမေရိကန်နိုင်ငံက စီးပွားရေးဒဏ်ခတ်ခြင်းမှာ အခြေအမြစ်မရှိကြောင်း ရုရှားဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဆာဂေးအီဗန်နော့ဗ်က စနေနေ့တွင် ပြောကြားသည်။

ရုရှားကုမ္ပဏီသုံးခုသည် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များနှင့် တာဝေးပစ်ဒုံးကျည်များနှင့် ပတ်သက်၍ နိုင်ငံတကာစံများနှင့် စည်းမျဉ်းဥပဒေများကို ချိုးဖောက်ခြင်းမရှိကြောင်း အီဗန်နော့ဗ်က ပြောကြားသည်။

စွပ်စွဲခံရ

ရုရှားကုမ္ပဏီအချို့ကို အရေးယူနိုင်ရေးအတွက် သက်တမ်းနှစ်နှစ်ရှိ စီးပွားရေးပိတ်ဆို့မှုအမိန့်ကို သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်အစိုးရအဖွဲ့က ယခုရက်သတ္တပတ်အစောပိုင်းတွင် ထုတ်ပြန်ခဲ့ပြီးနောက် အီဗန်နော့ဗ်က တုံ့ပြန်ဝေဖန်ခြင်းဖြစ်သည်။ ရုရှားကုမ္ပဏီများသည် ဆီးရီးယား၊ အီရန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့သို့ လက်နက်များ တင်ပို့ရောင်းချသည်ဟု စွပ်စွဲခံရသည်။

ကိုက်ညီမှုမရှိ

အမေရိကန်၏ ပြစ်ဒဏ်ခတ်မှုအမိန့်သည် ကမ္ဘာတစ်ဝန်း တားမြစ်ထားသည့် လက်နက်များနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း အီဗန်နော့ဗ်က ပြောကြားသည်။

ရုရှားကုမ္ပဏီများအား အရေးယူဒဏ်ခတ်သည့် အစီအစဉ်ကို အမေရိကန်ကွန်ဂရက်လွှတ်တော်က ချမှတ်ပေးခဲ့ကြောင်း၊ အမေရိကန် အစိုးရက ၎င်းပြဋ္ဌာန်းလိုသည့် ဥပဒေများကို နိုင်ငံတကာဥပဒေနှင့် ဆက်စပ်နိုင်ရန် ကြိမ်ဖန်များစွာ ကြိုးပမ်းခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ ချုံကင်း နိုင်ငံတကာလေဆိပ်တွင် အီလက်ထရွန်နစ် လက်မှတ်ဝယ်ယူနေကြသူများကို ဇန်နဝါရီ ၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆိုမာလီနိုင်ငံအား အမေရိကန်က တစ်ဖက်သတ်တိုက်ခိုက်မှု အီတလီ ဆန့်ကျင်

ရောမ ဇန်နဝါရီ ၁၀

အမေရိကန်နိုင်ငံက ဆိုမာလီနိုင်ငံအား တစ်ဖက်သတ်တိုက်ခိုက်သည့်ကိစ္စကို အီတလီနိုင်ငံက ဆန့်ကျင်ကြောင်း နိုင်ငံခြားရေးဝန်ကြီး မာဆီမိုဒါအလီမာက ဇန်နဝါရီ ၉ ရက်တွင် ပြောကြားသည်။

အမေရိကန်တို့၏ ယင်းကဲ့သို့သော အပြုအမူကြောင့် မူလကပင် မတည်မငြိမ်ဖြစ်နေသော အာဖရိကဒေသတွင် အခြေအနေတင်းမာမှုအသစ်များ ထပ်မံပေါ်ပေါက်လာအောင် မီးမွှေးပေးသကဲ့သို့ ဖြစ်သည့်အတွက် အီတလီနိုင်ငံအနေဖြင့် ဆန့်ကျင်သည်ဆိုသောအချက်ကို အီတလီ နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ထပ်မံဖော်ပြထားသည်။

ယုံကြည်

ဆိုမာလီနိုင်ငံနှင့် ဆိုမာလီဝန်းကျင်ဒေသနိုင်ငံများအကြား တည်ငြိမ်အေးချမ်းသည့် အခြေအနေများ ပေါ်လာစေရန် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းလိမ့်မည်ဟု အီတလီနိုင်ငံက ယုံကြည်ကြောင်း ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

အတည်ပြု

အမေရိကန်က ဆိုမာလီနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ကြောင်းကို ပင်တဂွန်စစ်ဌာနချုပ်က အတည်ပြုသည်ဟု မီဒီယာသတင်းများက ရေးသားသည်။ ထို့အပြင် အမေရိကန်တို့က ဆိုမာလီနိုင်ငံအတွင်း ဇန်နဝါရီ ၈ရက်တွင် တစ်ကြိမ်နှင့် ၉ရက်တွင် တစ်ကြိမ် လေကြောင်းမှ ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်းကို ဆိုမာလီအာဏာပိုင်များကလည်း အတည်ပြုပြောကြားခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ ဟောင်ကောင်ကျွန်းတွင် ဇန်နဝါရီ ၇ရက်က ပြုလုပ်သည့် ရတနာပြပွဲကို ရုရှားတင်းနစ်မယ် ရှာရာပိုဗာ ဖွင့်လှစ်စဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ကော်လိုရာဒိုတွင် နှင်းတောင်ပြိုကျ နှင်းပိခံရသူ ရှစ်ဦး ကယ်ဆယ်နိုင်ခဲ့

လန်ဒန် ဇန်နဝါရီ ၁၀

အမေရိကန်ပြည်ထောင်စု အနောက်ဘက် ကော်လိုရာဒိုပြည်နယ်ရှိ အဓိကအဝေးပြေးလမ်းမကြီးပေါ်၌ နှင်းတောင်ပြိုကျခဲ့ရာ ကားများ လမ်းဘေးသို့ ပြုတ်ကျသွားကြောင်း သတင်းများက ဖော်ပြသည်။

ယခုကဲ့သို့သောကြီးမားသည့် နှင်းတောင်ပြိုကျခြင်းကို ၎င်းတို့ တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဖူးကြောင်း ဘာသူးတောင်ကြားဒေသမှ ကယ်ဆယ်ရေးသမားများက ပြောကြားကြသည်။ ယင်းတောင်ကြားဒေသသည် ဒင်ဘာမြို့၏ အနောက်ဘက် မိုင် ၆၀အကွာတွင် တည်ရှိသည်။ ပြိုကျလာသော နှင်းထုကြီးပြိုကျမှုကြောင့် လမ်းမပေါ်ရှိ ကားနှစ်စီး လမ်းဘေးသို့ ကျသွားခဲ့ပြီး နှင်းထုက ကားများကို ဖုံးလွှမ်းသွားကြောင်းသိရသည်။

ယင်းကားများတွင် စီးနင်းလိုက်ပါလာကြသူများလည်း နှင်းထုအောက်၌ ပိတ်မိနေကြောင်း သတင်းက ဖော်ပြသည်။ နှင်းပိသွားသော ယာဉ်များအတွင်းမှ လူရှစ်ဦးအား ကယ်ဆယ်ခဲ့ပြီး ၎င်းတို့ကို နီးစပ်ရာ ဆေးရုံသို့ ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်သွားသည်။

အင်တာနက်။

ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် အယ်လ်ဂျီလက်ကိုင်ဖုန်းတစ်ခုအတွင်း ဆော့ဖ်ဝဲများ ထည့်သွင်း၍ သရုပ်ပြနေသည်ကို ဇန်နဝါရီ ၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တန်ဇန်းနီးယားတွင် အဝေးပြေးလမ်း ပြန်လည်ဖွင့်

ဒါရက်ဆလမ် ဇန်နဝါရီ ၁၀

ဒါရက်ဆလမ်-အရူရှာ အဝေးပြေးလမ်းမကြီးတစ်လျှောက်ရှိ ယာဉ်အသွားအလာကို ကုန်တင်ယာဉ် အကြီးစားမော်တော်ယာဉ်များမှတပါး အခြားယာဉ်များ သွားလာခွင့်ပြုလိုက်ပြီဖြစ်ကြောင်း၊ ကုန်တင်မော်တော်ယာဉ်ကြီးများကိုမူ တန်ဇန်းနီးယားနိုင်ငံ အလယ်ပိုင်းရှိ တံတားကို အသုံးမပြုနိုင်ရန် တားမြစ်ပိတ်ပင်ထားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဖော်ပြပါ တံတားသည် ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့သည့် ရေလျှံမှုကြောင့် ရေတိုက်စားခံရပြီး ယင်းတံတားနှင့် ချာလင်ဇီမြို့ဆက်သွယ်သည့် လမ်းအပိုင်းတွင် ခရီးသည် ၅၀၀၀ နှင့် မော်တော်ယာဉ်များ ရာနှင့်ချီ၍ သောင်တင်နေခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပျက်ကျသွားသည့် အင်ဒိုနီးရှားလေယာဉ်၏ အစိတ်အပိုင်း ရှာဖွေတွေ့ရှိ

မာကာဆာ(အင်ဒိုနီးရှား) ဇန်နဝါရီ ၁၁

လွန်ခဲ့သော ၁၀ရက်က အင်ဒိုနီးရှားနိုင်ငံ အဒမ်လေကြောင်းပိုင် ဘိုးရင်း ၇၃၇ လေယာဉ်သည် ခရီးသည် ၁၀၂ဦးနှင့်အတူ ပျံသန်းနေစဉ် ပျောက်ဆုံးသွားခဲ့သည်။ ယခုအခါထိုလေယာဉ်၏ အစိတ်အပိုင်းတစ်ခုကို တံငါသည်တစ်ဦးက နိုင်ငံအနောက်မြောက်ပိုင်း ပင်လယ်ပြင်တွင် ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်ကြောင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအာဏာပိုင်များက ဇန်နဝါရီ ၁၁ရက်နေ့တွင် ထုတ်ဖော်ပြောကြားသည်။

ခရီးစဉ်အမှတ် ကေအိုင် ၅၇၄ ကို ပျံသန်းခဲ့သော အဆိုပါလေယာဉ်၏ အစိတ်အပိုင်းကို ဆူလာဝေစီကမ်းခြေမှ ၁၈၅မိုင်အကွာရှိ မာကာဆာရေလက်ကြားတွင် ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း ရှာဖွေရေးအဖွဲ့ခေါင်းဆောင် အက်ဒီသူရန်တိုက ပြောကြားသည်။

ရှာဖွေတွေ့ရှိသော လေယာဉ်၏ အမြီးအစိတ်အပိုင်းတွင် ဖော်ပြထားသော အမှတ်အသားများသည် လေကြောင်းဆိုင်ရာများက ပေးထားသော အမှတ်အသားများနှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရသည်ဟု သူရန်တိုက သတင်းထောက်များကို ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကိုယ်ဝန်ဆောင်မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်ခြင်းမှ ကာကွယ်ရေးစီမံချက် အသိပေးဆွေးနွေးပွဲနှင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် ပြည်သူလူထုအခြေပြု ကိုယ်ဝန်ဆောင်မိခင်မှကလေးသို့ HIV ပိုး ကူးစက်ခြင်းမှ ကာကွယ်ရေးစီမံချက်(PMCT) အသိပေးဆွေးနွေးခြင်းနှင့် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

အစီအစဉ်အရ ရှေးဦးစွာ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦးက အမှာစကားပြောကြားပြီး စီမံချက်လုပ်ငန်းတွင် အသုံးပြုရန် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှ ထောက်ပံ့ပေးသည့် စက်ဘီးနှစ်စီးနှင့် သားဖွားခန်းသုံးပစ္စည်းများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ဒေါ်ဆွေဆွေဦးထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ အလှူရှင် ဦးဇော်လွင်-ဒေါ်စုစုဝင်း မိသားစု၊ ဦးမြင့်ဆွေ-ဒေါ်မြင့်မြင့်သန်း မိသားစု၊ ဦးအန့်ကူ-ဒေါ်ကျင်ကျင်သောင်း မိသားစုတို့က မြို့နယ်အသင်းအတွက် ငွေကျပ် ၁၀၀၀၀၀ စီ ပေးအပ်လှူဒါန်းရာ ဒေါ်ဆွေဆွေဦးက လက်ခံသည်။

ထို့နောက် နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာအေးကိုကိုက (HIV/AIDS) နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မေမာလာက (PMCT) စီမံချက်လုပ်ငန်းများကို အသိပေး ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်က အသင်းပိုင် သားဖွားခန်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒေါ်ဆွေဆွေဦးက မြို့နယ်အဆင့် ဆင့်ပွားသင်တန်းအတွက် စီမံချက်ထောက်ပံ့ငွေကျပ် ၇၈၉၀၀ ကို မြို့နယ်အသင်းဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ရေပြင်သက်စောင့်နှင့် ရေပြင်သက်ကယ်နည်းပြ သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက ထူးချွန်သင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (အား/ကာ)

ရေပြင်သက်စောင့်နှင့် ရေပြင်သက်ကယ် နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ တပ်မတော်(ရေ) ပင်မရေငုပ်နှင့် ဆယ်ယူရေးတပ်တို့ ပူးပေါင်းဖွင့်လှစ်သော ရေပြင်သက်စောင့်နှင့် ရေပြင်သက်ကယ် နည်းပြသင်တန်းဆင်းပွဲကို ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ အိုလံပစ်ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ ဌာနေကိုယ်စားလှယ် Ms. Bridget Gardneer တို့က သင်တန်းဆင်း အမှာစကားပြောကြားကြပြီး တာဝန်ရှိသူများနှင့်အတူ သင်တန်းသား၊ သင်တန်းသူများနှင့် ထူးချွန်သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၂၈ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၀ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း (အရှေ့)၊ တနင်္သာရီတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်းတို့မှ ရေကူးလက်ရွေးစင် အားကစားသမားသင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၂) ကမာရွတ်(ယခင်စိန့်ဩဂတ်စတင်း) နဝမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

အထက(၂) ကမာရွတ် (ယခင်စိန့်ဩဂတ်စတင်း)ကျောင်းတွင် ၁၉၅၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း တာဝန်ထမ်းဆောင်ကြသော လုပ်သက် ၂၅ နှစ်နှင့်အထက် ဆရာ၊ ဆရာမကြီးများ၊ ၂၀၀၃ခုနှစ်တွင် အသက်(၆၀)ပြည့်ပြီးသော ဆရာ၊ ဆရာမကြီးများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများအား နဝမအကြိမ် ပူဇော်ကန်တော့ပွဲကို အထက်ပါကျောင်းနှင်းဆီခန်းမတွင် ဇန်နဝါရီ ၁၃ (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားထားသည်။

မိတ်ဆုံညစာစားပွဲ လက်မှတ်များကို သီးသန့်ရောင်းချမည်ဖြစ်ရာ ဒေါ်နီနီမာ (Dolly Myint Thein) ဖုန်း-၀၉-၅၁၀၆၉၄၇၊၅၂၄၆၉၆၊ ဦးအောင်ဇော်မြင့် ဖုန်း-၀၉-၅၀၀၅၃၆၆၊ ဦးဗိုလ်ကြည် ဖုန်း-၀၉၉၉-၂၅၃၃၊ ဦးပီတာဘသိန်း ဖုန်း-၆၆၆၆၉၅ နှင့် ဒေါ်မော်မော်မြင့် ဖုန်း-၅၀၁၆၆၃ Ex-၄၅၈ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

သန်လျင်မြို့နယ် ငါးပြေမကျေးရွာ အမကတွင် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ သူငယ်တန်းမှ တတိယတန်းထိ လေးနှစ်ဆက်တိုက် ပထမဆုရ မရတနာနွယ်နွယ်လှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းနွဲ့ ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဦးချစ်ဖေ-ဒေါ်သန်းမြတို့အား အမှူးထား၍ တာမွေမြို့နယ် ကျောက်မြောင်း ဇောတိကလမ်း ဦးမြင့်အောင်-ဒေါ်ခင်ရီ သား၊ သမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၁၀၀၀၀ ကို ပိဋကတ်နှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ ပညာသိရီလင်္ကာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ-နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

The Live News ဂျာနယ် အမှတ်(၁၉)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၁၉)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

အလိုအလျောက် မျက်လှာပွင့်လာသော ဒလမြို့နယ်မှ ကြေးဘုရား၊ ခြိမ့်ခြိမ့်သဲသဲ ပျော်ရွှင်နွဲ့ ကချင်မြေက မနောပွဲ၊ တောင်ကြီးမှ စတီးလ်စက်ရုံ၊ ဆီတိုင်ကီဂဟောဆော်ရာမှ ပေ ၄၀ခန့်မြောက်တက်သွားသူ၊ ဂျော်ကီအဟောင်းနှင့် မြင်းအသစ်များ(သို့မဟုတ်) အမေရိကန်စစ်ရေး၊ နိုင်ငံရေး ထိပ်တန်းရာထူး အပြောင်းအလဲများ၊ ဒုတိယအကြိမ် ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်လာသူ မင်းသားကြီးအာနီး၊ အမေရိကန်၌ တာစူနေသော အီရတ်မူဝါဒစစ်ပွဲ၊ အတ္တလန္တိတ် သမုဒ္ဒရာကို တစ်ဦးတည်း ရွက်လှေဖြင့် ဖြတ်ကူးသူ (၁၄)နှစ်အရွယ် လူငယ်လေး၊ ကမ္ဘာပေါ်တွင် လူစကားအတတ်ဆုံးကြက်တူရွေး၊ ဩစတြေးလျ၌ စစ်ဘက်မှ ဒုံးပစ်လောင်ချာများခိုးယူ၍ အကြမ်းဖက်သမားများထံ ရောင်းချခဲ့သူ ဖမ်းမိ၊ ဆိုမာလီ(သို့မဟုတ်) အာဖရိကမှ မီးလျှံ၊ အယ်ဆာဒါအုပ်စုကို အယ်ကေဒါ အကြမ်းဖက်အုပ်စုထက် ပိုပြီးကြောက်ရွံ့နေတဲ့ အမေရိကန်၊ တရုတ်နိုင်ငံရဲ့ စိတ်ဝင်းစားစရာ လူဦးရေထိန်းချုပ်မှု အစီအစဉ်၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်းဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း (၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈း၀၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ ရှမ်းပြည်နယ်အရှေ့ပိုင်း (နမ့်မွေ့)တံတား
- ၈း၂၀ ၈။ အကပြိုင်ပွဲ
- ၈း၂၅ ၉။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၃၀ ၁၀။ International News.
- ၈း၄၅ ၁၁။ English forEveryday ` Use
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice in Reading
- ၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅း၁၀ ၆။ မြန်မာစာမြန်မာစကား
- ၅း၂၅ ၇။ **"သတိနဲ့ယှဉ်အသိနဲ့ပြင်" (အပိုင်း-၂) (ဝါးခယ်မရဲမောင်၊ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ရတနာခင်၊ ဟန်နီထွန်း၊ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ဆောင်းနှင်းဝေ၊ ဝိုင်းစု ခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)**
- ၅း၃၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၅း၄၅ ၉။ **"ညှော်မယ်ဗျို့" (ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၁၃)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာရွှေဦး" (အပိုင်း-၃)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

မီးကြွင်းမီးကျန်နှင့် ပေါ့ဆမီးတို့ကြောင့် မီးလောင်မှုများဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၁

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် (၈)တိုးချဲ့ရပ်ကွက်အရှေ့ပိုင်းနေ ဦးသန်းထွန်း၏နေအိမ်၌ ဇန်နဝါရီ ၉ရက် မွန်းလွဲ ၂နာရီခွဲခန့်တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားသည်။ အဆိုပါမီးလောင်မှုကြောင့် အိမ်တစ်လုံး၊ နှစ်ထပ်အဆောက်အအုံစာရင်းရုံးတစ်လုံး မီးလောင်ခံရပြီး လူခြောက်ဦး မီးဘေးဒုက္ခရောက်ကာ ငွေကျပ် ခုနစ်သောင်းဖိုးခန့် ဆုံးရှုံးသွားသည်။

အလားတူ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဆေးရိုးတန်း ငြိမ်းချမ်းရေးရပ်ကွက် ထီးတန်းလမ်းမကြီး တိုက်အမှတ်(၇) ခြောက်ထပ်နေ ဒေါ်အေးသန်း၏အခန်း၌ ဇန်နဝါရီ ၉ရက် ည ၉နာရီခွဲခန့်တွင် ဖယောင်းတိုင်မီးထွန်းထားရာမှ ဖယောင်းတိုင်လဲကျပြီး မီးလောင်မှုဖြစ်ပွားသည်။ အဆိုပါမီးလောင်မှုကြောင့် အိမ်တွင်းပစ္စည်းများ မီးလောင်ခံရပြီး ငွေကျပ် ၅၀၀၀၀၀ ဖိုးခန့် ဆုံးရှုံးသွားသည်။

ထို့နောက် ပဲခူးတိုင်း နတ်တလင်းမြို့နယ် ရွာမရပ်ကွက် အနောက်တာပွန်လမ်းနေ ဦးစိုးနိုင်၏နေအိမ်၌ ဇန်နဝါရီ ၁၀ရက် ည ၈နာရီကျော်ခန့်တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုကြောင့် အိမ် ၁၀လုံး၊ ပဲခွဲစက်တစ်လုံး မီးလောင်ခံရပြီး လူ ၅၇ ဦး မီးဘေးဒုက္ခရောက်ကာ ငွေကျပ် ၁၂၈၀၀၀၀ ဖိုးခန့်ဆုံးရှုံးသွားသည်။

အလားတူ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၂)ရပ်ကွက် ကျန်စစ်သားလမ်းရှိ စီအင်န်ဂျီဓာတ်ငွေ့ဆိုင်၌ ဇန်နဝါရီ ၁၀ရက် ည ၇နာရီ ခန့်က ယာဉ်အမှတ်(၈ျ/၈၅၂၉) ဘီအမ်ယာဉ်ကို ဂက်စ်ဖြည့်စဉ် ယာဉ်မောင်း ဦးမျိုးဦး မီးခြစ်ခြစ်ရာမှ ကားဂက်စ်ပိုက်လိုင်းယိုစိမ့်သောနေရာသို့ မီးကူးစက် လောင်ရာ မီးလောင်မှုကြောင့် ကားမှန်နှင့် ထိုင်ခုံအနည်းငယ် မီးလောင်ခံရပြီး ငွေကျပ် ၁၅၀၀၀ ဖိုးခန့်ဆုံးရှုံးကာ ယာဉ်မောင်း ဦးမျိုးဦး လက်၊ရင်ဘတ်၊ကျောနှင့် မျက်နှာတို့တွင် ဒဏ်ရာရရှိခဲ့သည်။

ထို့အတူ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့် ဆရာစံ(ပလာဇာ)(အေ)ဆောင် ဒုတိယထပ်ပိုင်ရှင် ဦးရှိမိုတာဝါ(အီးအမ်ယူ) ကွန်ပျူတာခန်းမ၌ ဇန်နဝါရီ ၁၀ရက် ည ၁၀နာရီခွဲခန့်တွင် ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် ဝါယာကြိုးနှင့် လိုက်ကာမီးလောင်ခံရပြီး ငွေကျပ် ၂၀၀၀ ဖိုး ခန့် ဆုံးရှုံးသွားကြောင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ခွစိုက်ပျိုးနည်းပညာ တိုးတက်စေရန်နှင့် နိုင်ငံခြားဝင်ငွေရရှိစေရန်ရည်ရွယ် ရွှေနံ့သာသစ်ခွဗုန်ဖော်ထုတ်ပြီး လုပ်ငန်းရှင်များအား မြေနေရာချထား

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြုလုပ်သည့် ပြည်ပပို့ကုန်အမယ်သစ် သစ်ခွတိုးချဲ့စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းတက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက သစ်ခွစိုက်ပျိုးရေးနည်းပညာရပ်များ ပိုမိုတိုးတက်လာစေရန်နှင့် နိုင်ငံခြားဝင်ငွေ ရရှိစေရန်ရည်ရွယ်၍ ပြည်ပပို့ကုန်အမယ်သစ်အဖြစ် သစ်ခွကို တိုးချဲ့စိုက်ပျိုးရန် ရွှေနံ့သာသစ်ခွဗုန် ဖော်ထုတ်ပြီး သစ်ခွစိုက်ပျိုးလိုသူ လုပ်ငန်းရှင်များအား မြေနေရာများ ချထားပေးခြင်း၊ ဗုန်တွင်း လမ်းများ ဖောက်လုပ်ပေးခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သစ်ခွစိုက်ပျိုးရေး လုပ်ငန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများ၊ ပညာရှင်များနှင့် လုပ်ငန်းရှင်များက နည်းပညာများ၊ အကြံဉာဏ်များနှင့် လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများ၊ အတွေ့အကြုံများကို တင်ပြဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရွှေနံ့သာသစ်ခွခြံကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းက ရွှေနံ့သာ သစ်ခွဗုန် ဖော်ထုတ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များနှင့် သစ်ခွလုပ်ငန်းရှင်များက သစ်ခွတိုးချဲ့စိုက်ပျိုးရေး၊ နည်းပညာဖလှယ်ရေး၊ ဈေးကွက်ရရှိရေး၊ စိုက်ပျိုးမြေရရှိရေးနှင့် အထွေထွေကိစ္စရပ်များကိုလည်းကောင်း၊ Poly Ice Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းဟန်က စပါးနှင့် သီးနှံများအားအရည်အသွေးမီအခြောက်ခံနိုင်သည့် Suncue Grain Dryer စက်နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်) မွန်ပြည်နယ်၌ ဘုရားများအား ဆီမီးပူဇော်

ရန်ကုန် ဇန်နဝါရီ ၁၁

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ကြီးမှူး၍ မော်လမြိုင်မြို့ ရှေးဟောင်းသမိုင်းဝင် ကျိုက်သလွံ့စေတီတော်မြတ်ကြီးအား ဆီမီးနံ့သာ ၉၉၀၀ စီ ပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရာ ရှေးဦးစွာ ရင်ပြင်တော်ပေါ်၌ ဂေါပကအဖွဲ့ သြဝါဒါစရိယ ရွှေတောင်ကျောင်းတိုက် ပဓာနနာယက သာသနာပြုနယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တဝိမလထံမှပရိတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်) နာယက ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)က ပူဇော်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို လျှောက်ထား၍ ဆီမီး၊ နံ့သာ ၉၉၀၀စီ ပူဇော်ပွဲကို ဆရာတော်ဘဒ္ဒန္တဝိမလ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်) ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ- တောင်တွင်းကြီး) တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ ဆီမီး၊ နံ့သာများဖြင့် ပူဇော်ကြသည်။

ကျိုက္ခမီဆံတော်ရှင် ရေလယ်ဘုရားအား ဆီမီး၊ နံ့သာ ၉၉၀၀ စီ ပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက်ညတွင် ကျင်းပရာ ရှေးဦးစွာ ရေလယ်ဆောင်ခန်းမ၌ ရေလယ်ကျောင်းတိုက်၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တတေဇနိယထံမှ ပရိသတ်တို့ကငါးပါးသီခံယူဆောက်တည်ကြပြီး အဖွဲ့နာယက ဦးစိုးဝင်းက ပူဇော်ပွဲကျင်းပရခြင်းကို လျှောက်ထား၍ မဟာဒုက်မဲပေါက်သူ ငါးဦး၏ ဘုရားများအားအနေကဇာတင်ကာဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို နာယူကြသည်။

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)မှ အဖွဲ့ဝင်များနှင့် ရွှေလမ်းခရီး ဘုရားစုံပို့ဆောင်ရေးမှ ဒေါ်စိန်စိန်မြင့် မိသားစုတို့က မော်လမြိုင်စံပြအကျဉ်းထောင်မှ ပြစ်ဒဏ်ကျနှင့် အချုပ်ကျများအား အသားဟင်း တစ်နပ်အတွက် အလှူငွေကျပ် ၆၃၀၀၀ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၆ရက်တွင် တာဝန်ခံအရာရှိရုံးခန်း၌ ကျင်းပရာ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြံဆစ်အောင်ထံ အလှူရှင်များက အလှူငွေများကိုပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)** (သတင်းစဉ်)

တန့်ကြည့်တောင် ဆရာတော်ကြီးထံမှ သြဝါဒခံယူမည်

ရန်ကုန် ဇန်နဝါရီ ၁၁

တန့်ကြည့်တောင် ဆရာတော်ကြီးက တန့်ကြည့်တောင် ဝိပဿနာရိပ်သာ (ရန်ကုန်) ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့ဝင် ယောဂီများအား ဇန်နဝါရီ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် သြဝါဒချီးမြှင့်မည်ဖြစ်ပါ၍ ကပ္ပိယကာရကအဖွဲ့ (ရုံးဖုန်း-၆၃၈၀၈၈) သို့ ဆက်သွယ်ကြွရောက်ကြရန် ကပ္ပိယကာရကအဖွဲ့က ဖိတ်ကြားထားသည် (က-ပ)

သံယုတ်ပါဠိတော် (မြန်မာပြန်)သင်တန်း

ရန်ကုန် ဇန်နဝါရီ ၁၁

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် သံယုတ်ပါဠိတော်(မြန်မာပြန်) သင်တန်းကို ဇန်နဝါရီ၁၃ရက်(စနေနေ့)နံနက် ၁၁ နာရီခွဲမှ ၂နာရီအထိဖွင့်လှစ်၍ ဆရာ၊ ဆရာမများက အပတ်စဉ်(စနေ၊တနင်္ဂနွေ) နေ့တိုင်း ပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်သည်ဟုသိရသည်။ (၂၃)

ဂါရဝပြုပူဇော်ပွဲနှင့် ကျေးဇူးဆပ်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ၊မူလဓမ္မာစရိယ ကျေးဇူးရှင်ဆရာကြီးဦးကြည် ကွယ်လွန်ခြင်း(၁၀) နှစ်မြောက် ဂါရဝပြုပူဇော်ပွဲနှင့် တရားအားထုတ်ကျေးဇူးဆပ်ပွဲကို မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ဓမ္မာရုံတော်ကြီး၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ယင်းအခမ်းအနားတွင် ဆရာကြီး၏ ဂုဏ်ကျေးဇူးများကို ထုတ်ဖော်ချီးကျူး၍ ဓမ္မာနုပဿနာတရားတော်ကို စုပေါင်းနာယူပူဇော်ကြမည်ဖြစ်ရာ တပည့်များ၊ အနယ်နယ်အရပ်ရပ်ရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ခွဲများမှ ယောဂီများ ကြွရောက်ပူဇော်ကြပါရန် နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

ညောင်တုန်းအသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်ရောက် ညောင်တုန်းသူ၊ ညောင်တုန်းသားများ၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ မိတ်ဆုံစားပွဲနှင့် (၆၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဇေယျာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ညောင်တုန်းသူ၊ ညောင်တုန်းသားများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

မင်္ဂလာ တောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် နိုဝင်ဘာ ၃၀ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး ရဲကျော်စွာမင်းမင်းနှင့် တပ်ဖွဲ့ဝင်များ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုကို စစ်ဆေးစဉ်။ (က-ပ)

လသာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၁ရက်က အလက(၁)ကျောင်းခန်းမတွင် ကျင်းပရာ အထူးဆုရရှိသူ သုံးမြွာပူးကလေးငယ်များအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်လွင် ဆုချီးမြှင့်စဉ်။ (မြို့နယ်မိခင်/ကလေး)

(၅၃)ကြိမ်မြောက်

မြန်မာနိုင်ငံဆရာဝန်ညီလာခံ

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၇-၂၁

တောင်ကြီးမြို့

* ကျောဖုံးမှ

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ သင်တန်းသား လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သင်တန်းသားလေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် သင်တန်းသား လေ့လာရေးခရီးစဉ်အတွက် အထောက်အကူပြုလုပ်ငန်းများ ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ရာ အစစအရာရာ အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် သင်တန်းသား လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်က လေ့လာရေးခရီးစဉ်နှင့် အထောက်အကူပြုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်မှုကို ဖတ်ကြားတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျေးလက်ဒေသ သောက်သုံးရေရရှိရေး စက်ရေတွင်းများ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံငွေကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၆၇–၄၀၈၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၆၇–၄၀၈၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း–၀၁–၂၈၁၈၆၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း–၀၆၇–၄၀၈၄၀၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၇၁–၂၂၇၆၀၊ ညွှန်ကြားရေးမှူး(မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂–၁–၂၀၀၇ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်
၇း၀၅	ရတနာသုံးပါးတန်ခိုး တရားတော် (သီတဂူဆရာတော်) (အပိုင်း–၂)
၇း၅၅	Myanmar Video Rhythm
၈း၄၅	ပြည်တွင်းသတင်းအကျဉ်း
၈း၅၅	ပြည်သူ့အတွက် EMS
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	The Game Guide (Spider Man) (အပိုင်း–၁)
၉း၄၀	မိုးလေဝသခန့်မှန်းချက်
၉း၄၅	ယှဉ်ပြိုင်ဆင်နွှဲ သစ်သီးဝလံ ပန်းမန်ပြပွဲ
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	မုဒ္ဒန်းရွာမှ သဘာဝလက်ဆောင်
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	စားချင်စဖွယ် မုန့်လုပ်နည်းအသွယ်သွယ် (အုန်းစိမ်းနုကျောက်ကျော)
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
၁၀း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁း၁၀	စည်းကမ်းလိုက်နာ ဘေးကင်းကွာ (လူကူးမျဉ်းကျားကကူးမယ်)
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	ဆီးချိုသွေးချိုရောဂါဆိုင်ရာ လွဲမှားချက်များ(အပိုင်း–၁) (ဒေါက်တာတင့်ဆွေလတ်)
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	သူတို့ပြောတဲ့သူတို့အကြောင်း (မြန်မာယူရေနီယံအကအဖွဲ့နှင့် တွေ့ဆုံခြင်း)(အပိုင်း–၁)
၁၂း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀	ရွှေတောင်စက်ရုံစွမ်းပကား စက်မှု(၁)ရဲ့အား
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	ဟန်ဆောင်ကာမူပို (စည်သူမောင်၊ရတနာပုံ)
၁း၀၀	MRTV-4 အပိတ် Logo

၂၀၀၇ အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည့်အစီအစဉ်

အုပ်စု (က) ပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၃၀	မြန်မာနှင့် ထိုင်း	MRTV-4(Live)

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့် သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဒေဝူးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အဖွဲ့ တွေ့ဆုံ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား Daewoo International Co., Ltd မှ President ဖြစ်သူ Mr. Kang Young-Won ခေါင်းဆောင်သောအဖွဲ့ နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဝန်ကြီး၏ ညှိနှိုင်းခန်းသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်စဉ်။

(ဘဏ္ဍာ/အခွန်)

နေပြည်တော် ဇန်နဝါရီ ၁၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား Daewoo International Co., Ltd. မှ President, Mr. Kang Young-Won နှင့်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အလားတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ် (IMF/World Bank) အဖွဲ့မှ ကိုယ်စားလှယ် Mr.Mark Butler နှင့် အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရမ်းမြို့နယ် သွန်းဘုရားကြီး အထူးဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန် တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် သကျမာရဇိန်သွန်းဘုရားကြီး အတွင်းရှိ သာသနာ့ဗိမာန်တော်ကြီးတွင် အထူးဓမ္မပူဇာသဘင် ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၂ ရက်တွင် စစ်ကိုင်း ခင်မကန် ဆရာတော် အရှင်ခေမိန္ဒ၊ ဇန်နဝါရီ ၁၃ ရက်တွင် အောင်စကြာဆရာတော် အရှင်စန္ဒသူရိယတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီတွင် ဟောကြား ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငွေပေါက္ကျွန်းဗုဒ္ဓဒူတ ရွှေတဝဂူတရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၁

ဗုဒ္ဓအလိုတော်ကျ သာသနာပြန့်ပွားရေးကွင်းဆင်းလုပ်ဆောင်... မိုးကုတ်ဆရာတော်ကြီး၊မဟာစည်ဆရာတော်ကြီး၊ သဲအင်းဂူဆရာတော်ကြီး၊ လယ်တီ ဆရာတော်ကြီးများအား ကျေးဇူးပြု၊ ကျေးဇူးဆပ်သောအားဖြင့် တတိယအကြိမ် သာသနာပြန့် သစ္စာအဓိဋ္ဌာန် ဝိပဿနာကမ္မဋ္ဌာန်းတရားအားထုတ်ပွဲကို ဇန်နဝါရီ ၁၈ရက်မှ ၂၂ရက်အထိ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် (၁)ရပ်ကွက် အနော်ရထာလမ်းမကြီး ငွေပေါက္ကျွန်းဗုဒ္ဓဒူတ ရွှေတဝဂူ ဝိပဿနာတရားတိုက်၌ ငါးရက်ကြာ ကျင်းပမည်ဖြစ်ရာ မိုးကုတ်ယောဂီ၊ မဟာစည်ယောဂီ၊ လယ်တီယောဂီ၊ သဲအင်းဂူယောဂီတို့အား ဖိတ်ကြားထားပြီး ဇန်နဝါရီ ၁၇ ရက် (ဗုဒ္ဓဟူးနေ့) အရောက် လာကြရမည်။ လစဉ် ၁၈ ရက်နေ့တိုင်း ငါးရက်တရားစခန်း ဖွင့်မည်ဖြစ်ရာ ဦးတင်ရီ မလွကုန်းလမ်း၊ အမှတ်(၁၈) ကျောက်မြောင်း ဖုန်း–၀၉–၅၁၃၇၄၅၅၊ ဦးစန္ဒိမာ ဖုန်း– ၂၈၂၄၅၁၊ အောင်မင်္ဂလာဘုရား လယ်တီစံကျောင်း ပုဇွန်တောင်၊ ငွေဟိန်းမင်း ငွေပေါက္ကျွန်း ကြေးကင်း ရန်ပြေ အောင်ပေါင်းစု ဘုရားဝင်း ဝေဘာဂီမြို့သစ် ဖုန်း–၀၉–၅၁၈၀၈၁၁ နှင့် ဦးအောင်သာငြိမ်း ၁၂/၁၁ရပ်ကွက် မေတ္တာလမ်းမ၊ တောင်ဥက္ကလာပတို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က–ပ)

လှူငယ်(ရေကြောင်း) ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

လှူငယ်(ရေကြောင်း) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ တတိယအကြိမ် ဆရာကန်တော့ပွဲကို ဇန်နဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဓနုဓမ္မာရုံ ကြားတောရလမ်းမကြီး ဗဟန်းမြို့နယ် (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြေးသွန်းဘုရားကြီးနှင့် မျက်နှာချင်းဆိုင်)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသူ၊ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

အသေးစိတ်သိလိုပါက ဦးတင်ဝင်း ဖုန်း–၆၁၀၂၇၂၊ ဦးအောင်ချိုမင်း ဖုန်း– ၂၅၂၆၃၈၊ ဦးဟန်ထွေးအောင် ဖုန်း– ၀၉–၅၁၀၅၈၁၅၊ ဒေါ်အိအိသန့် ဖုန်း– ၅၀၅၉၃၇၊ ဦးသက်ဦး ဖုန်း– ၀၉၉၈၇၁၃၃၂၊ ဒေါ်ကေသီဦး ဖုန်း– ၅၂၄၆၂၈ နှင့် ဒေါ်ခင်မမချို ဖုန်း–၀၉၉၈၇၃၇၄၆ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည် စာပေတိုက်မှ စာအုပ်များ ထုတ်ဝေဖြန့်ချိ







ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာစာပေကို ချစ်မြတ်နိုးသူများအတွက် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ အောက်ပါစာအုပ်များကို ထုတ်ဝေလိုက်သည်–

၁။ ဇော်ဂျီ၏ **ဗေဒါလမ်းကဗျာများ** (အင်္ဂလိပ်/မြန်မာ နှစ်ဘာသာ)၊ ကွယ်လွန်သူ ကဗျာဆရာကြီးဇော်ဂျီ၏ ဗေဒါလမ်းကဗျာ ၄၁ ပုဒ်ကို စာရေးဆရာ အမေ့သားက အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ပန်းချီမောင်ညီညီ၏ မျက်နှာဖုံးဖြင့် လှပသေသပ်စွာ ထုတ်ဝေလိုက်သည်။ တန်ဖိုး ကျပ် ၁၀၀၀။

၂။ ကြူကြူသင်း၏ **တူပြိုင်လေကူးမယ်နှင့် အခြားပြဇာတ်များ**၊ အမျိုးသားစာပေဆုရ စာရေးဆရာမ ကြူကြူသင်း၏ မဂ္ဂဇင်းများတွင် ဖော်ပြပါရှိပြီးဖြစ်သည့် ပြဇာတ် ၁၁ ပုဒ်ကို တစုတစည်းတည်း ထုတ်ဝေလိုက်သည်။ တန်ဖိုး ကျပ် ၁၀၀၀။

၃။ တင်မြင့်၏ **စာမလေ့ရွာမလေ့ ပန်းအလှတစ်ပွေ့**၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို အကြိမ်ကြိမ်ရရှိခဲ့သူ စာရေးဆရာတင်မြင့်၏ စာပဒေသာဆောင်းပါး ၂၂ ပုဒ်ကို တစုတစည်းတည်း ဖတ်ရှုရမည်။ တန်ဖိုး ကျပ် ၈၀၀။

၄။ မသဲဖြူ(ရွှေဘို)၏ **ရွှေဖီဦးကို ပန်ဖူးသယ်**၊ ကျောင်းဆရာမတစ်ဦး၏ ကျင်လည်ရာ ဘဝခရီးလမ်းနှင့် ဘဝအတွေ့အကြုံများကို ဖတ်ချင်စဖွယ်ဖွဲ့နွဲ့သီကုံးထားသည့် ဝတ္ထုတို ၁၂ ပုဒ်၊ တန်ဖိုး ကျပ် ၁၀၀၀။

အထက်ပါ စာအုပ်များကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ဖုန်း–၃၇၄၅၃၂နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေးမြို့ ထွန်းဦးစာပေနှင့် အခြားဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

နယ်ချဲ့လက်သစ်၏ အသုံးတော်ခံဘဝ ရောက်နေရသည့် နိုဘယ်လ်ဆု

မောင်ဖိုးမှတ်

ပညာရှင်များ၊ သုတေသီများက ကမ္ဘာ့လူသားအားလုံး အကျိုးရှိစေမည့် နည်းပညာများ၊ ပစ္စည်းများ၊ ကိရိယာများ၊ အသုံးအဆောင်များ၊ စက်ယန္တရားများ တီထွင်ခဲ့ကြသည်။ ပညာရှင်တို့ အချိန်ယူ အပင်ပန်းခံ၍ တီထွင်ခဲ့သော ယင်းအသစ်တွေ့ရှိသမျှ တီထွင်မှုများကို နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးလောဘရမ္မက်ဖြင့် တစ်ကမ္ဘာလုံးအား လွှမ်းမိုးချုပ်ကိုင်လိုသူများက ၎င်းတို့အကျိုးအတွက် တလွဲသုံးလေ့ရှိကြသည်။ ဥပမာ–အဏုမြူ၊ နျူကလီးယားကို သိပ္ပံပညာရှင်များ ကာလကြာမြင့်စွာ စမ်းသပ်တီထွင်ခဲ့ကြရသည်။ ယင်းစွမ်းအား(အာနိသင်)ပြင်းသော အဏုမြူ၊ နျူကလီးယားများကို စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များအတွက် စွမ်းအင်(လောင်စာ) အဖြစ် သုံးကြမည်၊ သို့မဟုတ် ဆေးဝါးကုသရေးအတွက် (ဓာတ်ရောင်ခြည်၊ ရေဒီယိုအိုက်ဆိုတုပ်စသည်) သုံးကြမည်ဆိုလျှင် လူသားအကျိုးပြုပစ္စည်းများ ဖြစ်လာနိုင်ပေမည်။

သို့သော် လောဘလွန်ကျူးသူများက အဏုမြူ၊ နျူကလီးယားတို့ကို ဗုံးအဖြစ်၊ ဒုံးပျံထိပ်ဖူးအဖြစ် ထုတ်လုပ်စေခဲ့သဖြင့် ယနေ့ကမ္ဘာပြည်သူများသည် နျူကလီးယားဗုံးများ၊ ဒုံးများကို ဖင်ခုထိုင်ထားရသကဲ့သို့ စိုးရိမ်ထိတ်လန့်နေကြရသည်။ ကမ္ဘာပေါ်တွင် အဏုမြူဗုံးကို ပထမဆုံး စမ်းသပ်အောင်မြင်ထုတ်လုပ်ခဲ့သော အမေရိကန်ပြည်ထောင်စုသည် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့က ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ပေါ်သို့ လည်းကောင်း၊ ဩဂုတ်လ ၉ ရက်နေ့က နာဂါဆာကီမြို့ပေါ်သို့လည်းကောင်း အဏုမြူဗုံးနှစ်လုံး ကြဲချခဲ့ရာ အရပ်သားများ သိန်းချီသေဆုံးခဲ့ရပြီး မြို့ကြီးနှစ်မြို့စလုံး ပြောင်သလင်းခါအောင် ပျက်စီးခဲ့ရသည်။ ယနေ့ကာလတွင် ကမ္ဘာပေါ်တွင် နျူကလီးယားလက်နက်ပိုင်ဆိုင်သောနိုင်ငံ များပြားလာသည်။ ဟီရိုရှီးမားမြို့ပေါ် ကြဲချသော အဏုမြူဗုံးထက် အဆပေါင်းများစွာ ပြင်းအားရှိသော ဗုံးကြီးများ ထုတ်လုပ်ထားကြသည်။ လက်နက်အပြိုင် ထုတ်လုပ်စုဆောင်းလာကြသည်။ မူလအဏုမြူစမ်းသပ်တီထွင်ခဲ့သော ပညာရှင်များသာ အသက်ရှင်လျက်ရှိနေပါက ရင်ကျိုးလောက်ပေသည်။

အလားတူတီထွင်မှုများကို ငြိမ်းချမ်းသောနည်းဖြင့် လူသားအကျိုးအတွက် မသုံးဘဲ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးတို့တွင် တလွဲသုံးလာမှု အများအပြားရှိပေသည်။ ဆွီဒင်နိုင်ငံတွင် ၁၈၃၃ ခုနှစ်က ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးက မွေးစားခဲ့သူ အဲလ်ဖရက်နိုဘယ်လ်သည် ကိုယ်ထူးကိုယ်ချွန်ကြိုးစားပြီး ဓာတုဗေဒပညာလေ့လာဆည်းပူးခဲ့သူဖြစ်သည်။ ၁၈၆၇ ခုနှစ်တွင် ဒိုင်းနမိုက် (ယမ်းဘီလူး) တီထွင်ခဲ့သည်။ ၁၈၇၈ ခုနှစ်တွင် ကော်ဒိုက်ယမ်းလုပ်ခဲ့သည်။ ယင်းယမ်းဘီလူးများကို ရေနံတွင်းနှင့် သတ္တုမိုင်းများတူးရာ၊ လမ်းဖောက်တံတားဆောက်ရာ၌ အတားအဆီးဖြစ်သည့် ကျောက်တုံးများ၊ တောင်ကုန်းများအား ဖယ်ရှားရာ၌ အသုံးပြုဖောက်ခွဲရန် နိုဘယ်လ်က ရည်ရွယ်ခဲ့သည်။ နိုဘယ်လ်သည် ဒိုင်းနမိုက်များအသုံးပြုပြီး ရေနံတွင်း၊ သတ္တုတွင်း တူးဖော်မှု တွင်ကျယ်လာသဖြင့် ငွေကြေးကြွယ်ဝချမ်းသာခဲ့သည်။ ၎င်းပိုင် ငွေများဖြင့် ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ အင်္ဂလန်၊ ဩစတြီးယားနှင့် အမေရိကန်ပြည်ထောင်စုတွင် စီးပွားရေးလုပ်ငန်းများ ထူထောင်ခဲ့သည်။ ဆွီဒင်မှ ဘော်ဖားလက်နက်စက်ရုံကိုလည်း ဝယ်ယူခဲ့သည်။

၁၈၉၆ခုနှစ်တွင် အီတလီနိုင်ငံ ဆန်ရီမိုမြို့၌ နိုဘယ်လ် ကွယ်လွန်ခဲ့သည်။ သူတီထွင်သော ဒိုင်းနမိုက်ယမ်းများကို စစ်ပွဲများတွင်သုံးကာ တံတားချိုး၊ လမ်းဖျက်၊ အဆောက်အအုံဖြို၊ လူသတ်လုပ်လာကြသည်ကို မြင်တွေ့နေရသော နိုဘယ်လ်သည် ကွယ်လွန်သည့်တိုင် စိတ်မချမ်းမြေ့ခဲ့ပေ။ ထို့ကြောင့် သူပိုင်ငွေကြေးများကို ဆွီဒင်ဘဏ်၌ အပ်နှံထားခဲ့ကာ နှစ်စဉ်အတိုးအပွားများဖြင့် ဓာတုဗေဒဆု၊ ရူပဗေဒဆု၊ ဆေးပညာဆိုင်ရာဆု၊ စာပေဆု၊ ငြိမ်းချမ်းရေးဆုများ ရွေးချယ်ဆုပေးရန် သေတမ်းစာရေးခဲ့သည်။ ရုစ်နိုင်ငံတွင် အခြေစိုက်ထားသော နိုဘယ်လ်၏ စီးပွားရေးလုပ်ငန်းများမှရရှိသည့် အကျိုးအမြတ် အတိုးအပွားများကိုလည်း နိုဘယ်လ်ဆုရှင်များအား ပေးအပ်သည့် ဆုကြေးများအဖြစ် အသုံးပြုခဲ့သည်။

နိုဘယ်လ်၏ အဆိုပါ သေတမ်းစာမှာ စာလုံးသုံးရာပင် မပြည့်တတ်ချေ။ ၁၉၆၈ ခုနှစ်တွင် စတော့ဟုမ်းမြို့တော်မှ ထုတ်ဝေခဲ့သော "အဲလ်ဖရက်နိုဘယ်လ်နှင့် နိုဘယ်လ်ဆုများ"(Alfed Nobel and the Nobel Prizes) စာအုပ်တွင် ရူပဗေဒ၊ ဓာတုဗေဒ၊ ခန္ဓာသဘာဝဗေဒ (Physiology) သို့မဟုတ် ဆေးဝါးပညာ၊ စာပေနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးစေသည့် ငြိမ်းချမ်းရေးဆောင်ရွက်မှုစသည်တို့ကို ဆုများပေးရန် မှာကြားခဲ့ကြောင်း ဖော်ပြပါရှိသည်။

လူသားအကျိုးပြု သိပ္ပံပညာရပ် တီထွင်ဖော်ထုတ်သူများ၊ လူသားအကျိုးပြု စာပေရေးသားသူများ၊ နိုင်ငံချင်း ချစ်ကြည်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်မက်မဖြစ်ပွားရေးအတွက် အားထုတ်ကြိုးပမ်းသော ငြိမ်းချမ်းရေးဝါဒီများကိုသာ နှစ်စဉ်(နိုင်ငံ၊လူမျိုးမရွေး)ရွေးချယ်ဆုပေးရန် ဖြစ်သည်။ အထက်ပါ စာအုပ်စာမျက်နှာ(၈)တွင် ဤသို့ ဖော်ပြထားသည်–

"The field in which he wished to stimulate progress, as outlined in a document of less than three hundred words, were Physics, Chemistry, Physiology or medicine, literature and fraternity among nations"

၁၉၀၁ ခုနှစ်မှစပြီး နိုဘယ်လ်ဆုများ ရွေးချယ်ပေးအပ်ခဲ့သည်။ ဆွီဒင်နိုင်ငံ သိပ္ပံအကယ်ဒမီအဖွဲ့၊ တော်ဝင်အကယ်ဒမီအဖွဲ့မှ ပညာရှင်များက နှစ်စဉ် နိုဘယ်လ်ဆုများ ရွေးချယ်ခဲ့သည်။ အဲလ်ဖရက်နိုဘယ်လ်ကို ဂုဏ်ပြုသောအားဖြင့် ဆွီဒင်ဗဟိုဘဏ်က မိမိတို့ဘဏ်ငွေကြေးဖြင့် နိုဘယ်လ်စီးပွားရေးပညာ (ဘောဂဗေဒ)ဆုများ ရွေးချယ်ကာ ၁၉၆၉ ခုနှစ်မှ စတင်ပေးအပ်ခဲ့သည်။

ယခင်က ဆွီဒင်နှင့် နော်ဝေနိုင်ငံတို့ တစ်နိုင်ငံတည်းအဖြစ် ပေါင်းစည်းခဲ့ကြသဖြင့် နိုဘယ်လ်ဆုများကို အတူတူပူးပေါင်း ရွေးချယ်ခဲ့သည်။ ၁၉၀၅ ခုနှစ်တွင် နော်ဝေနိုင်ငံသည် ဆွီဒင်နှင့်ခွဲထွက်ကာ သီးခြားလွတ်လပ်သောနိုင်ငံ ဖြစ်လာသည်။ ဆွီဒင်က နော်ဝေအား နိုဘယ်လ်ငြိမ်းချမ်းရေးဆု ရွေးချယ်ခွင့် ခွဲတမ်းချပေးခဲ့သည်။ နိုဘယ်လ်၏ ၁၈၉၅ ခုနှစ် သေတမ်းစာမှာ ရှင်းရှင်းလင်းလင်း မရှိခဲ့ချေ။ နိုဘယ်လ်၏ အမွေကို ဆက်ခံခွင့်ရှိသူ ဆွေမျိုးများက နိုဘယ်လ်ဆုပေးခြင်းကို ကန့်ကွက်ခဲ့ကြသေးသည်။ ငြိမ်းချမ်းရေးဆုနှင့် ပတ်သက်၍လည်း သေတမ်းစာတွင် ပီပီပြင်ပြင်တိတိကျကျ မှုချမပေးခဲ့။

နော်ဝေနိုင်ငံ ပါလီမန်က ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရွေးချယ်ရေး ငါးဦးကော်မတီကို ရွေးချယ်ခန့်ထားပေးသည်။ ယနေ့ဆိုလျှင် နိုဘယ်လ်ဆုများ စတင်ရွေးချယ်ပေးအပ်ခဲ့သည်မှာ ၁၀၆ နှစ်ပင်ရှိချေပြီ။ ကာလရွေ့လျောလာသကဲ့သို့ ဆုရွေးချယ်မှုအနေအထားများသည်လည်း တိမ်းယိမ်းလာပြီဖြစ်သည်။ ပညာရပ်ဆုများ(ဓာတု၊ ရူပ၊ ဆေးပညာ၊ ဘောဂဗေဒဆု)တွင် အမေရိကန်နှင့် ဗြိတိန်တို့မှ အများဆုံးရကြသည်။ အမေရိကန်နိုဘယ်လ်ဆုရှင် အများစုမှာ ဦးနှောက်ယိုစီးမှုပုံစံအရ ဥရောပနိုင်ငံစုံမှ အမေရိကန်သို့ ပြောင်းရွှေ့လာသူများ ဖြစ်ပေသည်။

စာပေဆုများတွင် နိုင်ငံရေးအရိပ်ထိုး အရောင်ဆိုးမှု များပြားလာခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးသည့်နောက်ပိုင်း (စစ်အေးကာလ) တွင် နိုဘယ်လ်စာပေဆု၊ ငြိမ်းချမ်းရေးဆုများ ရွေးချယ်မှုသည် ကိုလိုနီလက်သစ်စော် နံလာခဲ့သည်။ နိုဘယ်လ်ဆုမူရင်းဖြစ်သည့် ဆွီဒင်နိုင်ငံစာနယ်ဇင်းများ၊ အဓိကနိုင်ငံရေး ပါတီကြီးများဖြစ်သော ကွန်ဆာဗေးတစ်ပါတီနှင့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီတို့က နိုဘယ်လ်ဆုရွေးချယ်မှုများအပေါ် အပြစ်မြင်ဝေဖန်လာကြသည်။ နိုဘယ်လ်၏ ဆုရွေးချယ်ရေး ရည်ရွယ်ချက်ကောင်းများကိုတလွဲသုံးလာကြ၍ဖြစ်သည်။

နိုဘယ်လ်ပညာရပ်ဆုများ ရွေးချယ်ရာ၌ ရွေးချယ်ရသည့် အကြောင်းရင်းများကို ဖော်ပြသော်လည်း ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ရွေးချယ်သောအကြောင်းရင်းကို ဖော်ပြရန်မလိုဟုဆိုသည်။ ဤတွင် ကိုလိုနီ လက်သစ်ဝါဒီများ၊ အနောက်အင်အားကြီးနိုင်ငံများမှ ထောက်လှမ်းရေးအဖွဲ့များသည် နိုဘယ်လ်စာပေဆုနှင့် နိုဘယ်လ်ငြိမ်းချမ်းရေးဆု ရွေးချယ်မှုများ၌ အရိပ်ထိုးလာကြသည်။ ခြယ်လှယ်လွှမ်းမိုးနိုင်လာကြသည်။ ပေးချင်သလိုပေး၍ရသည့် သဘောအဓိပ္ပာယ်ဖွင့်လာကြသည်။

ဆိုဗီယက်ပြည်ထောင်စုမှ စာပေနှင့်ငြိမ်းချမ်းရေးဆုရသူများကို ကြည့်လျှင် ဆိုရှယ်လစ်ဆန့်ကျင်ရေး ဝတ္ထုဖြစ်သော ဒေါက်တာဇီးဗားဂိုးဝတ္ထုရေးသူ စာရေးဆရာ ဘောရစ်ပါစတာနပ်၊ စတာလင်ခေတ်ဆန့်ကျင်ရေးသမားနှင့် အဖျက်သမားများထားရှိရာ အကျဉ်းစခန်းများကို စွပ်စွဲပုတ်ခတ်ရေးသားသည့် စာရေးဆရာ (ဆိုဗီယက်တပ်မတော်မှ ဗိုလ်ကြီးပြုတ်)အလက်ဇန္ဒာဆိုလ်ဇင်နစ်ဆင်၊ ဆိုဗီယက်အစိုးရကို ဆန့်ကျင်သော ရူပဗေဒပညာရှင် ဆာခါရော့ဗ်(ငြိမ်းချမ်းရေးဆု)တို့ ဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ ဒွန်မြစ်ငြင်သာ စီးလျက်ပါ ဂန္ထဝင်ဝတ္ထုများရေးသည့် မိခေးလ်ရှိုလိုကော့ဗ်သည် ၁၉၆၅ ခုနှစ် နိုဘယ်လ်စာပေဆုရခဲ့သည်။ ရှိုလိုကော့ဗ်တစ်ယောက်သာလျှင် ဆိုဗီယက်စနစ်ကို မဆန့်ကျင်ဘဲ နိုဘယ်လ်ဆုရသူဖြစ်သည်။ နောက်ထပ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရသူမှာ ဆိုဗီယက်သမ္မတ မိခေးလ်ဂေါ်ဘာချော့ဗ်(၁၉၉၀ ပြည့်နှစ်)ဖြစ်သည်။ ဘောရစ်ပါစတာနပ်သည် နိုဘယ်လ်ဆုကိုသွားမယူခဲ့ပေ။ ဆိုလ်ဇင်နစ်ဆင်သည် ပြည်ပြေးဘဝခံယူပြီး နိုဘယ်လ်ဆုသွားယူကာ အမေရိကန်၌ အခြေချနေထိုင်ရင်း စီအိုင်အေအလိုကျ ဆိုဗီယက် ဆန့်ကျင်ရေးလုပ်ငန်းများ လုပ်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ဆိုလ်ဇင်နစ်ဆင် ရုရှားသို့ပြန်လာရာ ကြိုဆိုသူမရှိချေ။ စာနယ်ဇင်းများကမူ ဆိုလ်ဇင်နစ်ဆင်သည် နိုင်ငံတွင်းသို့ အနောက်ကတာဝန်ပေးချက်အရ အဖျက်လုပ်ငန်းလုပ်ရန် ပြန်လာလေသလောဟုပင် သံသယဖြင့် ရေးသားခဲ့သည်။ **(ဇက်ဗ်ထရာဂျာနယ်နှင့် ညီဇာဗီဆီဗာယား ဂဇက်တား သတင်းစာရေးသားချက်များမှ)**

နိုဘယ်လ်ငြိမ်းချမ်းရေးဆုအတွက် အိန္ဒိယအမျိုးသားခေါင်းဆောင်၊ အကြမ်းမဖက်နည်း၊ နိုင်ငံရေး ပဋိသိနည်းဖြင့် လွတ်လပ်ရေးကြိုးပမ်းခဲ့၍ ကမ္ဘာကလက်ဖျားခါ ချီးကျူးရသော မဟတ္တမဂန္ဒီကြီးအား ရွေးချယ်ရန် သုံးလေးကြိမ် အဆိုပြုလာသဖြင့် နော်ဝေငါးဦးကော်မတီက စဉ်းစားခဲ့သေးသည်။ မဟတ္တမဂန္ဒီ၏ ငြိမ်းချမ်းရေးလမ်းစဉ်ဖြင့် ကြိုးပမ်းဆောင်ရွက်မှုများကို မည်သူမျှ မငြင်းနိုင်ပေ။ သို့သော် နော်ဝေနိုင်ငံအား ဗြိတိန်နိုင်ငံက စစ်တွင်းကာလတွင် ထောက်ပံ့ကူညီခဲ့သည်။ ကာကွယ်ပေးခဲ့သည်။ ထို့ကြောင့် ဗြိတိန်သည် နော်ဝေ၏ ကျေးဇူးရှင်ဖြစ်သည်။ မဟတ္တမဂန္ဒီသည် ဗြိတိသျှအစိုးရလက်အောက်မှ အိန္ဒိယအချုပ်အခြာအာဏာကို ပြန်လည်တိုက်ယူနေသူဖြစ်၍ နိုဘယ်လ်ဆုမပေးနိုင်ဟု ငြင်းဆန်ကာ သုံးလေးကြိမ်ပယ်ချခဲ့သည်။ **(အေရှဝိခ်စာစောင်ဖော်ပြချက်မှ)**

ယခုအခါ ကိုလိုနီလက်သစ်နိုင်ငံကြီးများက ပစ်မှတ်ထားသည့် နိုင်ငံများအပေါ် လူ့အခွင့်အရေး စွပ်စွဲချက်များဖြင့် ထိုးနှက်ဝေဖန်

ပုတ်ခတ်ပေးနေသည့် နိုင်ငံတကာလွတ်ငြ
nesty International)အား ၁၉၇၇ ခုနှစ်
ဆု ပေးအပ်ခဲ့သည်။ ၁၉၇၅ ခုနှစ် ငြိမ်းချ
ဆိုဗီယက်အစိုးရအား ဆန့်ကျင်သည့် ရူပ
ရော့ဗ်အား ပေးအပ်ခဲ့သည်။

၁၉၈၂ ခုနှစ်တွင် အမေရိကန်သမ္မတ
ကန်စီတီးတွင် ပုပ်ရဟန်းမင်း ဂျွန်ပေါ
ပုပ်ရဟန်းမင်း၏ ဇာတိချက်ကြွေဖြစ်သော
ဆိုရှယ်လစ်အစိုးရကိုဖြုတ်ချရန် ဆွေးနွေ
ရိမန်ကက်သလစ်ဘာသာရေးဂိုဏ်းနှင့် ပို
နီယာ လက်ဝါလက်ဆာအား အသုံးချ
၁၉၈၃ ခုနှစ်တွင် ပိုလန်အစိုးရဖြုတ်ချပွဲကို
လက်ဆာသည် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု
တိုင်းမ်မဂ္ဂဇင်း ဖော်ပြချက်မှ)

တိဗက်ကို တရုတ်ပြည်မှ ခွဲထုတ်
ဗြိတိန်တို့က အားထုတ်ခဲ့သည်။ တိဗက်
သို့ခေါ်ထုတ်ကာ တိဗက်လွတ်လပ်ရေး(ပြ
ဗန်းတင်ပေးရန် ၁၉၈၉ ခုနှစ်တွင် ငြိမ်းချ
သည်။ ၁၉၈၉ ခုနှစ် မေလနှင့် ဇွန်လ
တိုင်အန်မင်းရင်ပြင်ဆူပူမှုနှင့် တိုက်ဆိုင်ပြီး
ငြိမ်းချမ်းရေးဆုပေးခြင်းဖြစ်သည်။ (အက
တရုတ်အစိုးရကို ဖြုတ်ချနိုင်လျှင် ဒလို
ခေါင်းဆောင်အဖြစ် ထိုးသွင်းကာ ဖြ
ကြံစည်ခဲ့ခြင်းဖြစ်သည်။)

၁၉၇၃ ခုနှစ်တွင် ကျူးကျော်သူအ
စစ်ရေးရှုံးနိမ့်နေပြီဖြစ်သည်။ မကြာမီ ဆု
ဖြစ်သည်။ ဤအခြေအနေတွင် ဗီယက်နမ်
အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟင်န
ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး လီဒတ်သို
ရေးဆု ပူးတွဲပေးအပ်ခဲ့သည်။ သို့ရာတွင်
ကဲ့သို့ ကျူးကျော်သူ(နယ်ချဲ့သမား)နှင့် နို
ဆိုကာ ငြင်းပယ်ခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စုအတွင်းမှ ဒေ
လစ်သူယေးနီးယား၊ လတ်ဗီးယားနှင့် အ
(အမေရိကန်၏ပယောဂဖြင့်) ခွဲထွက်ပုန်
ပြည်သူ ၇၆ ရာခိုင်နှုန်းက ပြည်ထောင်စု
သဖြင့် ဆိုဗီယက်သမ္မတ မိခေးလ်ဂေါ်ဘာ
စေလွှတ်ကာ ယင်းခွဲထွက်သုံးနိုင်ငံမှ ခွဲ
ခဲ့သည်။ အမေရိကန်က ယင်းသုံးနိုင်ငံခွဲ
ချော့ဗ်အား တိုက်တွန်းခဲ့သည်။ ဂေါ်ဘာ
ခွဲထွက်မခံနိုင်ဟု တင်းခံခဲ့သည်။ ၁၉၉၀ ပြ
အား ငြိမ်းချမ်းရေး နိုဘယ်လ်ဆုပေးအပ်
လည်း (နိုဘယ်လ်ဆုမျက်နှာ ထောက်
အသိအမှတ်ပြုလိုက်ရသည်။ ဤသို့ဖြင့် ၁
ပြည်ထောင်စု ၁၅ စိတ်ကွဲကာ ပြိုလဲသွ

**၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံတွင်ကျ
အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတော်
စေရန် မည်သည့်စွက်ဖက်မှုမျှ မလုပ်ခဲ့
တောတွင်းလက်နက်ကိုင်သောင်းကျန်းသူမ
ပယောဂမျိုးစုံဖြင့် တစ်ပါတီတည်းက နေ
ယင်းရွေးချယ်ခံကိုယ်စားလှယ်များသည် မြ
နေသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို
ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက
အစိုးရက အသိပေးကြေညာခဲ့သည်။ အ
(အနောက်အုပ်စု၏ဘေးတီး၊ သွေးထိုးချ
အာဏာလွှဲပေးရန်သာ ဆင်ခြင်တုံတရား
သည်။ NLD အထွေထွေအတွင်းရေးမှူး
ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ထားခဲ့သော
ငြိစွန်းသဖြင့် ရွေးကောက်ပွဲဝင်ခွင့် မရ
NLD ၏ လက်ထဲအာဏာရောက်ရေး
အာဏာဖီဆန်မှု၊ ဥပဒေဆန့်ကျင်မှု၊ နိုင်ငံ
များ ပြုလုပ်စေခဲ့သည်။ ယင်းသို့ ၎င်းတို့
ဖုံးကွယ်ပယ်ဖျက်ရန် နိုင်ငံတကာက
ထိရောက်စေရန်အတွက် ဒေါ်စုကြည်အ
ငြိမ်းချမ်းရေး နိုဘယ်လ်ဆုပေးအပ်ကာ
(ဆက်၍လည်း အနောက်အုပ်စုက ဆုပေ**

နိုဘယ်လ်ဆုရွေးချယ်သည့် ၁၉၉၁ ခု
သည် ဥပဒေချိုးဖောက်မှု၊ အာဏာဖီဆန်
ထိပ်တိုက်ရင်ဆိုင်မှု လုပ်ရပ်များဖြင့် မြန်မာ

နိုဘယ်လ်ဆု၏ သရုပ်မမှန်မှုများကား ပြောမဆုံးပေါင်တောသုံးထောင်ဆိုသလို များလှချေသည်။ နိုဘယ်လ်ဆုကို အနောက်အုပ်စုက စစ်အေးတိုက်ပွဲတွင် ဆိုဗီယက်နှင့် ဆိုရှယ်လစ်နိုင်ငံများအား ဆန့်ကျင်ဖြိုချရေး၌ အသုံးချခဲ့သည်။ စစ်အေးလွန်ကာလဟုဆိုသော ယနေ့ကာလ၌လည်း ဆိုရှယ်လစ်လက်ကျန် နိုင်ငံများဖြိုချရေး၊ အမေရိကန်ကို ဆန့်ကျင်သော၊ အမေရိကန်၏ ဗိုလ်ကျစိုးမိုးမှုနှင့် ဩဇာလွှမ်းမိုးမှုကိုမခံသော အမျိုးသားရေးအလေးထားသည့်နိုင်ငံများကို ဖြိုချရေးတို့၌ နိုဘယ်လ်ဆုကိုပင် အသုံးချနေဆဲဖြစ်သည်။

ပုတ်ခတ်ပေးနေသည့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International)အား ၁၉၇၇ ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဘယ်လ်ဆု ပေးအပ်ခဲ့သည်။ ၁၉၇၅ ခုနှစ် ငြိမ်းချမ်းရေး နိုဘယ်လ်ဆုကိုလည်း ဆိုဗီယက်အစိုးရအား ဆန့်ကျင်သည့် ရူပဗေဒပညာရှင် အင်ဒရေဆာခါရော့ဗ်အား ပေးအပ်ခဲ့သည်။

၁၉၈၂ ခုနှစ်တွင် အမေရိကန်သမ္မတ ရော်နယ်ရီဂင်သည် ဗာတီကန်စီတီးတွင် ပုပ်ရဟန်းမင်း ဂျွန်ပေါလ်နှင့် လျှို့ဝှက်တွေ့ဆုံကာ ပုပ်ရဟန်းမင်း၏ ဇာတိချက်ကြွေဖြစ်သော ပိုလန်(ဆိုရှယ်လစ်)နိုင်ငံမှ ဆိုရှယ်လစ်အစိုးရကိုဖြုတ်ချရန် ဆွေးနွေးဆုံးဖြတ်ခဲ့သည်။ ပိုလန်ရှိ ရိုမန်ကက်သလစ်ဘာသာရေးဂိုဏ်းနှင့် ပိုလန်သင်္ဘောကျင်း အင်ဂျင်နီယာ လက်ဝါလက်ဆာအား အသုံးချရန် သဘောတူညီခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ပိုလန်အစိုးရဖြုတ်ချပွဲကို ဦးဆောင်ခဲ့သော လက်ဝါလက်ဆာသည် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ရသွားခဲ့သည်။ **(အမေရိကန်တိုင်းမ်မဂ္ဂဇင်း ဖော်ပြချက်မှ)**

တိဗက်ကို တရုတ်ပြည်မှ ခွဲထုတ်အပိုင်စီးရန် အမေရိကန်နှင့် ဗြိတိန်တို့က အားထုတ်ခဲ့သည်။ တိဗက်မှ ဒလိုင်လားမားကို ပြည်ပသို့ခေါ်ထုတ်ကာ တိဗက်လွတ်လပ်ရေး(ပြည်ပြေး)ခေါင်းဆောင်အဖြစ် ဗန်းတင်ပေးရန် ၁၉၈၉ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ရရှိစေခဲ့သည်။ ၁၉၈၉ ခုနှစ် မေလနှင့် ဇွန်လအတွင်း ပေကျင်းမြို့တော် တိုင်အန်မင်းရင်ပြင်ဆူပူမှုနှင့် တိုက်ဆိုင်ပြီး ဒလိုင်လားမားကို နိုဘယ်လ်ငြိမ်းချမ်းရေးဆုပေးခြင်းဖြစ်သည်။ (အကယ်၍ ၁၉၈၉ ခုနှစ် ဆူပူမှုဖြင့် တရုတ်အစိုးရကို ဖြုတ်ချနိုင်လျှင် ဒလိုင်လားမားအား ဒီမိုကရေစီခေါင်းဆောင်အဖြစ် ထိုးသွင်းကာ ဖြတ်လမ်းမှအာဏာယူခိုင်းရန် ကြံစည်ခဲ့ခြင်းဖြစ်သည်။)

၁၉၇၃ ခုနှစ်တွင် ကျူးကျော်သူအမေရိကန်တို့ ဗီယက်နမ်တွင် စစ်ရေးရှုံးနိမ့်နေပြီဖြစ်သည်။ မကြာမီ ဆုတ်ခွာထွက်ပြေးရတော့မည်ဖြစ်သည်။ ဤအခြေအနေတွင် ဗီယက်နမ်စစ်ပွဲ ဗိသုကာဟု ဆိုရမည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်ဂျာနှင့် မြောက်ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး လီဒတ်သို တို့အား နိုဘယ်လ်ငြိမ်းချမ်းရေးဆု ပူးတွဲပေးအပ်ခဲ့သည်။ သို့ရာတွင် လီဒတ်သိုက ကစ်ဆင်ဂျာကဲ့သို့ ကျူးကျော်သူ(နယ်ချဲ့သမား)နှင့် နိုဘယ်လ်ဆု အတူမယူနိုင်ဟု ဆိုကာ ငြင်းပယ်ခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စုအတွင်းမှ ဘောလ်တစ်နိုင်ငံများဖြစ်သော လစ်သူယေးနီးယား၊ လတ်ဗီးယားနှင့် အက်စတိုနီးယားနိုင်ငံတို့သည် (အမေရိကန်၏ပယောဂဖြင့်) ခွဲထွက်ပုန်ကန်ခဲ့ကြသည်။ ဆိုဗီယက်ပြည်သူ ၇၆ ရာခိုင်နှုန်းက ပြည်ထောင်စုပြိုကွဲမခံနိုင်ဟု ဆန္ဒပြုထားသဖြင့် ဆိုဗီယက်သမ္မတ မိခေးလ်ဂေါ်ဘာချော့ဗ်က ပြည်ထဲရေးတပ်များ စေလွှတ်ကာ ယင်းခွဲထွက်သုံးနိုင်ငံမှ ခွဲထွက်မှုကို နှိမ်နင်း တားဆီးခဲ့သည်။ အမေရိကန်က ယင်းသုံးနိုင်ငံခွဲထွက်မှုကို ခွင့်ပြုရန် ဂေါ်ဘာချော့ဗ်အား တိုက်တွန်းခဲ့သည်။ ဂေါ်ဘာချော့ဗ်ကလည်း လူထုဆန္ဒအရ ခွဲထွက်မခံနိုင်ဟု တင်းခံခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင်မူ ဂေါ်ဘာချော့ဗ်အား ငြိမ်းချမ်းရေး နိုဘယ်လ်ဆုပေးအပ်လိုက်သည်။ ဂေါ်ဘာချော့ဗ်လည်း (နိုဘယ်လ်ဆုမျက်နှာ ထောက်ပြီး) ထိုသုံးနိုင်ငံခွဲထွက်မှုကို အသိအမှတ်ပြုလိုက်ရသည်။ ဤသို့ဖြင့် ၁၉၉၁ခုနှစ်ကုန်တွင် ဆိုဗီယက်ပြည်ထောင်စု ၁၅ စိတ်ကွဲကာ ပြိုလဲသွားခဲ့သည်။

၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံတွင်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတော်အစိုးရက လွတ်လပ်၍မျှတစေရန် မည်သည့်စွက်ဖက်မှုမျှ မလုပ်ခဲ့ချေ။ အနောက်သံတမန်များ၊ တောတွင်းလက်နက်ကိုင်သောင်းကျန်းသူများ၊ အနောက်မီဒီယာများ၏ ပယောဂမျိုးစုံဖြင့် တစ်ပါတီတည်းက နေရာများစွာ အနိုင်ရခဲ့သည်။ ယင်းရွေးချယ်ခံကိုယ်စားလှယ်များသည် မြန်မာနိုင်ငံတွင် လုံးဝမရှိဘဲဖြစ်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲကြရမည်ဖြစ်ကြောင်း ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲပြီးသည့် ကာလတို့၌ အစိုးရက အသိပေးကြေညာခဲ့သည်။ အနိုင်ရသော NLD ပါတီက (အနောက်အုပ်စု၏ဘေးတီး၊ သွေးထိုးချက်အရ) လွှတ်တော်ခေါ်ပြီး အာဏာလွှဲပေးရန်သာ ဆင်ခြင်တုံတရားကင်းမဲ့စွာ တောင်းဆိုနေခဲ့သည်။ NLD အထွေထွေအတွင်းရေးမှူး ဒေါ်စုကြည်သည် ၎င်း၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ထားခဲ့သော ရွေးကောက်ပွဲအခြေခံမူများနှင့် ငြိစွန်းသဖြင့် ရွေးကောက်ပွဲဝင်ခွင့် မရရှိခဲ့ချေ။ အနောက်အုပ်စုက NLD ၏ လက်ထဲအာဏာရောက်ရေးအတွက် ဒေါ်စုကြည်အား အာဏာဖီဆန်မှု၊ ဥပဒေဆန့်ကျင်မှု၊ နိုင်ငံတော်နှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ပြုလုပ်စေခဲ့သည်။ ယင်းသို့ ၎င်းတို့တစ်ဖက်စောင်းနင်းလုပ်မှုကို ဖုံးကွယ်ပယ်ဖျက်ရန် နိုင်ငံတကာက ဒေါ်စုကြည်အား ပိုမိုသိရှိပြီး ထိရောက်စေရန်အတွက် ဒေါ်စုကြည်အား ၁၉၉၁ ခုနှစ်အတွက် ငြိမ်းချမ်းရေး နိုဘယ်လ်ဆုပေးအပ်ကာ တံဆိပ်ကပ်ပေးခဲ့သည်။ (ဆက်၍လည်း အနောက်အုပ်စုက ဆုပေါင်း ၈၀ကျော် ပေးခဲ့သည်။)

နိုဘယ်လ်ဆုရွေးချယ်သည့် ၁၉၉၁ ခုနှစ်မတိုင်မီကပင် ဒေါ်စုကြည်သည် ဥပဒေချိုးဖောက်မှု၊ အာဏာဖီဆန်မှု၊ ဆူပူအုံကြွရန်ဖန်တီးမှု၊ ထိပ်တိုက်ရင်ဆိုင်မှု လုပ်ရပ်များဖြင့် မြန်မာနိုင်ငံ မတည်မငြိမ်ဖြစ်အောင် နယ်စုံဆင်းကာ ပြဿနာရှာပြီး တိုင်းဆူပြည်ဖျက်လုပ်လာသဖြင့် ၂၀–၇–၁၉၈၉ ရက်နေ့ ကတည်းက ၎င်း၏နေအိမ်မှာပင် တားဆီးမိန့်ထုတ်ထားခဲ့ရသည်။ ၎င်းအား တားဆီးမိန့်ထုတ်ထားစဉ် ကာလတစ်ပိုက်၌ တိုင်းပြည်တည်ငြိမ်အေးချမ်းခဲ့သည်။ နိုင်ငံရေးအရ တိုးတက်ဖြစ်ထွန်းမှုများ ရှိလာသည်။ NLD နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအပါအဝင် အားလုံးနှင့်ညှိနှိုင်းဆွေးနွေးပြီး ၁၉၉၃ ခုနှစ်၌ အမျိုးသားညီလာခံကို စတင်ကျင်းပနိုင်ခဲ့သည်။ အမျိုးသားညီလာခံကျင်းပမှု အရှိန်အဟုန်ကောင်းရရှိလာသဖြင့် ၁၉၉၅ ခုနှစ်တွင် ဒေါ်စုကြည်အပေါ် ချမှတ်ထားသည့် တားဆီးမိန့် ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။ မရှေးမနှောင်းမှာပင် အမေရိကန်အစိုးရ ကိုယ်စားလှယ် မယ်ဒလင်းအောဘရိုက် ရန်ကုန်သို့ရောက်လာပြီး ဒေါ်စုကြည်နှင့် နှစ်ကိုယ်ကြား တွေ့ဆုံဆွေးနွေးသွားသည်။ မကြာမီမှာပင် ဒေါ်စုကြည်သည် အမျိုးသားညီလာခံ ပျက်စီးရာပျက်စီးကြောင်း၊ နိုင်ငံတော်၌ ရရှိထားသည့် ငြိမ်းချမ်းရေးပျက်ရာပျက်ကြောင်း လှုံ့ဆော်ဖန်တီးလာပြန်သဖြင့် တားဆီးမိန့် ထပ်မံထုတ်ခဲ့ရခြင်းဖြစ်သည်။ ဒေါ်စုကြည်အားပေးခဲ့သော ငြိမ်းချမ်းရေး နိုဘယ်လ်ဆုသည် မြန်မာနိုင်ငံ၌ ဆူပူအုံကြွမှုပြုလုပ်မှုအတွက် ချီးမြှင့်သည့် သရဖူသဖွယ် ဖြစ်နေပေသည်။

အရှေ့အလယ်ပိုင်းတွင် ပါလက်စတိုင်းနှင့် အစ္စရေးတို့ ပဋိပက္ခမှာ ဒေသတွင်းသာမက ကမ္ဘာ့အတွက်ပါ အန္တရာယ်ကြီးမားလာသည်။ ထို့ကြောင့် အစ္စရေးတို့ သိမ်းပိုက်ထားသည့် ပါလက်စတိုင်းဒေသ (ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသ) တွင် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန် အစ္စရေးတွင် အာဏာရနေသည့် လေဘာပါတီအစိုးရက သဘောတူခဲ့ရသည်။ ယင်းကိစ္စတွင် အစ္စရေးကို အဖတ်ဆယ်ရန် ၁၉၉၄ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်၊ အစ္စရေးဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှီမွန်ပီရက်စ်တို့အား ပူးတွဲပေးအပ်ခဲ့ပြန်သည်။

တောင်အာဖရိကနိုင်ငံတွင် လူမည်းလူများစုအား လူဖြူလူနည်းစုက စိုးမိုးကာ ညှဉ်းပန်းဖိနှိပ်၊ အသားအရောင်ခွဲခြားနှိပ်ကွပ်သဖြင့် ကမ္ဘာနှင့် ကုလသမဂ္ဂက မကျေမနပ်ဖြစ်လာသောအခါ လူမည်းခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလားနှင့် လူဖြူခေါင်းဆောင် ဖရက်ဒရစ်ဒီကလပ်တို့အား ၁၉၉၃ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ပူးတွဲပေးအပ်ပြီး လူဖြူအစိုးရကို အဖတ်ဆယ်ပေးခဲ့သည်။သို့ရာတွင် မကြာမီမှာပင် လူဖြူအစိုးရသည် လူထုမဲဆန္ဒဖြင့် ပြုတ်ကျသွားခဲ့သည်။ တောင်အာဖရိကမှ အမေရိကန်ကြိုက် လူမည်း ဘုန်းကြီး ဒက်စမွန်တူးတူးကို ၁၉၈၄ ခုနှစ်ကတည်းက နိုဘယ်လ်ဆုပေးပြီး နှစ်သိမ့်ထားခဲ့သည်။ တစ်နည်းအားဖြင့် သိမ်းသွင်းထားခဲ့သည်။

နိုဘယ်လ်ဆု၏ သရုပ်မမှန်မှုများကား ပြောမဆုံးပေါင်တောသုံးထောင်ဆိုသလို များလှချေသည်။ နိုဘယ်လ်ဆုကို အနောက်အုပ်စုက စစ်အေးတိုက်ပွဲတွင် ဆိုဗီယက်နှင့် ဆိုရှယ်လစ်နိုင်ငံများအား ဆန့်ကျင်ဖြိုချရေး၌ အသုံးချခဲ့သည်။ စစ်အေးလွန်ကာလဟုဆိုသော ယနေ့ကာလ၌လည်း ဆိုရှယ်လစ်လက်ကျန် နိုင်ငံများဖြိုချရေး၊ အမေရိကန်ကို ဆန့်ကျင်သော၊ အမေရိကန်၏ ဗိုလ်ကျစိုးမိုးမှုနှင့် ဩဇာလွှမ်းမိုးမှုကိုမခံသော အမျိုးသားရေးအလေးထားသည့် နိုင်ငံများကို ဖြိုချရေးတို့၌ နိုဘယ်လ်ဆုကိုပင် အသုံးချနေဆဲဖြစ်သည်။

၁၉၉၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ထွန်းရေးအတွက် အမျိုးသားညီလာခံ ကျင်းပခဲ့သည်။ ညီလာခံတွင် ပြည်ထောင်စုတစ်ဝန်းမှ တိုင်းရင်းသားစုံ၊ လူထုလူတန်းစားအလွှာစုံ၊ တရားဝင်ရပ်တည်နေသော ပါတီစုံ(NLD နှင့် SNLD အပါအဝင်) တို့မှ အပါအဝင် ကိုယ်စားလှယ်များ တက်ရောက်ကာ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်ရမည့်အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ညှိနှိုင်းချမှတ်ခဲ့ကြသည်။ ဤသို့ ညီလာခံကြီး အရှိန်ကောင်းရနေချိန်တွင် ညီလာခံကို ထိပါးနှောင့်ယှက်ရန်နှင့် ဥပဒေချိုးဖောက်ကာ နိုင်ငံတော်အား ဆန့်ကျင်ပုန်ကန်နေသော သောင်းကျန်းသူများ၊ ပြည်ပြေးများကို အားပေးအားမြှောက်ပြုရန်အတွက် နိုဘယ်လ်ဆုရှင် ခုနစ်ဦးပူးပေါင်းအဖွဲ့သည် တစ်ဖက်နိုင်ငံနှင့် နယ်စပ်ဒေသရှိ သောင်းကျန်းသူများ၊ ပြည်ပြေးများထံ ရောက်လာခဲ့ကြသည်။

ယင်းသို့ အနောက်၏စေရာသွား၊ ခိုင်းရာလုပ်ပြီး နိုဘယ်လ်ဆုကျေးဇူးဆပ်နေရသော ပူးပေါင်းအဖွဲ့ ခုနစ်ဦးသည် တစ်ဖက်နိုင်ငံသို့ ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့အခြေစိုက် နိုင်ငံတကာလူ့အခွင့်အရေးနှင့် ဒီမိုကရေစီဖွံ့ဖြိုးရေးအစီအစဉ်၊ အမေရိကန်CIA အထောက်အပံ့ဖြင့် ရောက်လာခြင်းဖြစ်သည်။ ယင်းတို့ထဲတွင် တောင်အာဖရိကမှ လူမည်းဘုန်းတော်ကြီး ဒက်စမွန်တူးတူးလည်း ပါလာသည်။

ဒက်စမွန်တူးတူးသည် လူဖြူများ၊ နယ်ချဲ့နိုင်ငံများ၏ နှိပ်စက်မှုခံနေရသော အာဖရိက လူမည်းများအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းမပြုဘဲ CIA ခိုင်းသမျှ နိုင်ငံတကာပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာ၌ ပွဲတိုင်းကျော်ပဲခူးဆား နိုဘယ်လ်ဆုရှင် ဖြစ်လေသည်။ ဒေါ်စုကြည်ကို နိုဘယ်လ်ဆုပေးရန် အဆိုပြုပေးသည့် ဆိုရှယ်လစ်ခေတ်လွန် ချက်နိုင်ငံ၌ သမ္မတဖြစ်ခဲ့ဖူးသူ ပြဇာတ်ရေးဆရာ ဗားကလပ်

၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံတွင်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတော်အစိုးရက လွတ်လပ်၍မျှတစေရန် မည်သည့်စွက်ဖက်မှုမျှ မလုပ်ခဲ့ချေ။ အနောက်သံတမန်များ၊ တောတွင်းလက်နက်ကိုင်သောင်းကျန်းသူများ၊ အနောက်မီဒီယာများ၏ ပယောဂမျိုးစုံဖြင့် တစ်ပါတီတည်းက နေရာများစွာ အနိုင်ရခဲ့သည်။ ယင်းရွေးချယ်ခံကိုယ်စားလှယ်များသည် မြန်မာနိုင်ငံတွင် လုံးဝမရှိဘဲဖြစ်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲကြရမည်ဖြစ်ကြောင်း ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲပြီးသည့် ကာလတို့၌ အစိုးရက အသိပေးကြေညာခဲ့သည်။ အနိုင်ရသော NLD ပါတီက (အနောက်အုပ်စု၏ဘေးတီး၊ သွေးထိုးချက်အရ) လွှတ်တော်ခေါ်ပြီး အာဏာလွှဲပေးရန်သာ ဆင်ခြင်တုံတရားကင်းမဲ့စွာ တောင်းဆိုနေခဲ့သည်။ NLD အထွေထွေအတွင်းရေးမှူး ဒေါ်စုကြည်သည် ၎င်း၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ထားခဲ့သော ရွေးကောက်ပွဲအခြေခံမူများနှင့် ငြိစွန်းသဖြင့် ရွေးကောက်ပွဲဝင်ခွင့် မရရှိခဲ့ချေ။ အနောက်အုပ်စုက NLD ၏ လက်ထဲအာဏာရောက်ရေးအတွက် ဒေါ်စုကြည်အား အာဏာဖီဆန်မှု၊ ဥပဒေဆန့်ကျင်မှု၊ နိုင်ငံတော်နှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ပြုလုပ်စေခဲ့သည်။ ယင်းသို့ ၎င်းတို့တစ်ဖက်စောင်းနင်းလုပ်မှုကို ဖုံးကွယ်ပယ်ဖျက်ရန် နိုင်ငံတကာက ဒေါ်စုကြည်အား ပိုမိုသိရှိပြီး ထိရောက်စေရန်အတွက် ဒေါ်စုကြည်အား ၁၉၉၁ ခုနှစ်အတွက် ငြိမ်းချမ်းရေး နိုဘယ်လ်ဆုပေးအပ်ကာ တံဆိပ်ကပ်ပေးခဲ့သည်။

ဟာဗဲလ်နှင့်တွဲပြီး မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရန် စာတမ်းပြုစု ထုတ်လွှင့်ခဲ့ရာတွင်လည်း ဒက်စမွန်တူးတူး ပါဝင်ခဲ့သည်။

တူးတူးနှင့် နိုဘယ်လ်ဆုရသူများသည် မြန်မာနယ်စပ်တစ်လျှောက်ရှိ ဘိန်းဘားပြ ရွက်ဆစ်၏ SURA (ယခု SSA-S) အပါအဝင် မိုင်းထောင်၊ လူသတ်၊ ရွာမီးရှို့၊ ဗုံးခွဲ စသည့် အကြမ်းဖက်သမားသောင်းကျန်းသူများကို အားပေးနှစ်သိမ့်သွားကြသည်။ ကောင်းချီးဩဘာ ပေးသွားခဲ့ကြသည်။

ဤမျှဆိုလျှင် ဆယ်စုနှစ်ပေါင်း နှစ်ခုအတွင်း ငြိမ်းချမ်းရေး နိုဘယ်လ်ဆုကို နော်ဝေပါလီမန်ခန့် ငါးဦးကော်မတီက ရွေးသည်ထက် အနောက်ကိုလိုနီလက်သစ်ဝါဒီတို့က (အထူးသဖြင့် စီအိုင်အေက) ရွေးချယ်နေကြောင်း သိသာထင်ရှားနေပေသည်။ နော်ဝေနိုင်ငံသည် DVB ခေါ် ဒီမိုကရက်တစ်မြန်မာ့အသံ (မြန်မာပြည်ပြေးများ၏) အသံလွှင့်ဌာနကို အော့စလိုမြို့တွင် လက်ခံထားသောနိုင်ငံ၊ ပြည်ပြေးများ ခြေချင်းလိမ်နေသောနိုင်ငံ ဖြစ်ပေသည်။

DVB ပြည်ပြေးအသံလွှင့်လုပ်ငန်း၏ ကုန်ကျစရိတ်ကို RFA ခေါ် ရေဒီယိုဖရီးအေရှ(လွတ်လပ်သောအာရှရေဒီယို၊ ဝါရှင်တန်အခြေစိုက်)နှင့်အတူ အမေရိကန်CIAက ကွန်ဂရက်လွှတ်တော်၏ ခွင့်ပြုချက်ဖြင့် ထောက်ပံ့ထားခြင်းဖြစ်သည်။

အဲလ်ဖရက်နိုဘယ်လ်၏ ဘဝပေးအသိဖြင့် ရင်းနှီးမြှုပ်နှံခဲ့သော နိုဘယ်လ်ဆုများ၏ မူလရည်ရွယ်ချက်သည် အပြုသဘောဆောင်ခဲ့လေသည်။ ဤနိုဘယ်လ်ဆုကို နယ်ချဲ့လက်သစ်တို့က အသုံးချလာနိုင်သော ယနေ့ကာလတွင် နိုဘယ်လ်ဆုများ၏ သရုပ်ပျက်နေလေသမျှကို သွားလေသူ အဲလ်ဖရက်နိုဘယ်လ်သာ မြင်ရပါလျှင် ရင်ကျိုးရှာပေလိမ့်မည်။ CIA အခိုင်းခံများကို နိုဘယ်လ်ဆုဖြင့် ဗန်းတင်ပေးပြီး ငွေကြေး (ဆုငွေ) အားဖြင့် ထောက်ပံ့အသုံးချနေသည်မှာ ထင်ရှားလွန်းလှသည်။

၁၉၉၅ခုနှစ်က မယ်ဒလင်းအောဘရိုက် (ထိုစဉ်က ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီး၊ နောင် အမေရိကန်သမ္မတကလင်တန်လက်ထက် နိုင်ငံခြားရေးဝန်ကြီး၊ ယခု ကုလသမဂ္ဂ ဒုက္ခသည်များ မဟာမင်းကြီး)နှင့်ဒေါ်စုကြည်တို့၏ အမျိုးသားညီလာခံ ဖျက်ဆီးရေးလုပ်ရပ်များသည်လည်းကောင်း၊ နယ်ချဲ့အုပ်စုနှင့် နယ်ချဲ့လက်ကိုင်တုတ် နိုဘယ်လ်ဆုရှင်တစ်စု၏ အမျိုးသားညီလာခံဖျက်ဆီးရေးလုပ်ရပ် ဟူသမျှတို့သည်လည်းကောင်း သဲထဲရေသွန်ဖြစ်နေပေသည်။ အမျိုးသားညီလာခံသည် အောင်မြင်နေပြီဖြစ်သည်။ နိုင်ငံငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်နေသူတို့က အောင်ပွဲခံနေကြပြီသာ ဖြစ်သည်။

ထိုအချိန်ကာလတွင် နိုဘယ်လ်ဆုရှင် ဆိုသူများက ၎င်းတို့ဆရာကြီး၏ ဆိုင်းချက်နှင့်အညီ တစ်စခန်းထလာပြန်သည်။ ယခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူများ၏ ဆန္ဒပြပွဲ ပြုလုပ်ခဲ့သည်ဟု BBC က ထုတ်လွှင့်သွားသည်။ ၎င်းဆန္ဒပြသူများထဲတွင် မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့ဟု နိုင်ငံတော်က တရားဝင်ကြေညာထားခြင်းခံရသော NCGUB မှ ပြည်ပြေးစိန်ဝင်းအပါအဝင် လူ ၇၀ခန့်ပါဝင်သည်ဟု သိရသည်။ ၎င်းလူ ၇၀ထဲတွင် ၁၉၉၇ ခုနှစ် နိုဘယ်လ်ဆုရှင် အမေရိကန်နိုင်ငံသူ ဂျိုဒီဝီလီယံနှင့် ၂၀၀၃ ခုနှစ် နိုဘယ်လ်ဆုရှင် အီရန်နိုင်ငံသူ ဒေါက်တာရှီရင်မ်အက်ပါတီတို့လည်း ပါဝင်သည်ဟုဆိုသည်။

တစ်ဆက်တည်းမှာပင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ၁၂ ဦးတို့က မြန်မာနိုင်ငံကို လာရောက်ပြီး ဒေါ်စုကြည်နှင့်တွေ့ရန် ပြည်ဝင်ခွင့်ဗီဇာလျှောက်ကြမည်ဟူ၍လည်း ပြည်ပမီဒီယာများက ဘေးတီးပေးနေကြသည်။

မြန်မာတို့၏ဆိုရိုးစကားတွင် ‘နွားပြာကြီးအကြောင်းသိရင် သားရေကိုတောင် ဖင်ခုထိုင်ချင်မှာမဟုတ်ဘူး’ဟုဆိုလေ့ရှိသည်။**ယခုအခါနိုဘယ်လ်ဆု၏ သရုပ်ပျက်မှုကို နိုင်ငံတကာပြည်သူတို့နှင့်အတူ မြန်မာပြည်သူတို့ကလည်း သိနေကြပြီဖြစ်သည်။ နိုဘယ်လ်ဆုသည် နယ်ချဲ့လက်သစ်၏ အသုံးတော်ခံဘဝ ရောက်နေရသည်ဖြစ်ရာ နိုဘယ်လ်ဆုရှင်များ၏ လှုပ်ရှားမှုသည် ရုပ်သေးရုပ်လှုပ်ရှားမှုသာဖြစ်၍ မည်သို့မျှ အသက်မဝင်အရာမထင်နိုင်တော့ပြီ။** ။

ရန်ကုန်တိုင်း လှိုင်မြို့နယ် မေတ္တာဝါဒီ ဟသ်ာတ ပရဟိတကျောင်းတိုက်တွင် သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်အပါး ၃၀၀ ပြုပွဲနှင့် ကိုးထပ်ကျောင်း ရေစက်ချပွဲကို လန်ဒန်မြို့မှ ဒေါက်တာ ခင်သက်မော်နှင့် ဒေါက်တာမြင့်ဝင်း မောင်နှမမိသားစုတို့က ကျပ် ၇၉၂ သိန်း အကုန်အကျခံကာ လှူဒါန်းပြီး ဇန်နဝါရီ ၇ ရက်က မေတ္တာဝါဒီဆရာတော် (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ) ဘဒ္ဒန္တစန္ဒောဘာသထံတွင် ရေစက်ချ သာဓုအနုမောဒနာတရား နာကြားစဉ်။ (က-ပ)

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၁

မင်္ဂလာဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီက (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်(၁၇)ကြိမ်မြောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၄ရက်က အဖွဲ့ရုံးခန်း၌ ကျင်းပရာ အသက် ၇၅နှစ်အထက် စစ်မှုထမ်း ဟောင်းအဖွဲ့ဝင် ၂၅၀၊ ရာနှုန်းပြည့် မသန်စွမ်းသူ ၁၅ဦး၊ တစ်စိတ်တစ်ပိုင်း မသန်စွမ်းသူ ၁၁၀ နှင့် ၂၀၀၆ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ ကျောင်းသား၊ ကျောင်းသူ ငါးဦးတို့အား ငွေကျပ် ၁၆ သိန်း ပေးအပ်လှူဒါန်းခဲ့ကြသည်။

(အပေါ်ဝဲပုံ) (က-ပ)

အခြေခံပညာကျောင်းပေါင်းစုံ ရှုံး/ထွက် ခရစ်ကက်အားကစားပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ ရှုံး/ထွက် ခရစ်ကက် အားကစားပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ အာဇာနည်ဗိမာန်လမ်းနှင့် ဦးဝိစာရလမ်းထောင့်ရှိ ဗဟန်း အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော် (Myanmar Pride International Ltd.)နှင့် အမှုဆောင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲ၏ ပထမပွဲစဉ်တွင် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အသင်းနှင့် အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အသင်းက (Scored 51 Run In 15 Over " Scored 49 Run In 15 Over. Won By 2 Runs S.H.S No.(1) Lanmadaw) အနိုင်ရရှိသွားသည်။

ဒုတိယပွဲစဉ်တွင် ပန်းဘဲတန်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းအသင်းနှင့် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပန်းဘဲတန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအသင်းက (Scored 56 Run In 15 Over " Scored 32 Run In 15. Won By 24 Runs S.H.S No.(2)Pabedan) အနိုင်ရရှိသွားသည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၁၂ရက် နံနက် ၈နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၆-၂၀၀၇ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ ရှုံး/ထွက် ခရစ်ကက် အားကစားပြိုင်ပွဲ ပထမပွဲစဉ်တွင် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အသင်းနှင့် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

(ခရစ်ကက်အဖွဲ့ချုပ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။ မျိုးချစ်တပ်မတော်
၅:၂၅	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀	၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။ နိုင်ငံတကာသတင်း
၆:၂၀	၁၁။ မိုးလေဝသသတင်း
၆:၃၀	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၀	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျေးတောသူ" (အပိုင်း-၂၀)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ စိုက်ပျိုးသုတ
	၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နောက်ဆုံးပစ်မှတ်" (အပိုင်း-၂၂)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

အင်တာနက်အားကစားသတင်းများ

ဒေးဗစ်ဘက်ဟမ်း ရီးယဲလ်မဒရစ်မှ ထွက်ခွာမည်

လန်ဒန် ဇန်နဝါရီ ၁၁

အင်္ဂလန်အသင်း ခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ဟမ်းသည် လက်ရှိကန်ထရိုက်စာချုပ်သက်တမ်းကုန်ဆုံးသည့်အခါ ရီးယဲလ်မဒရစ်အသင်း၌ ဆက်လက်ကစားတော့မည်မဟုတ်ကြောင်း ယနေ့ မီဒီယာသတင်းတွင် ဖော်ပြသည်။

ဘက်ဟမ်းသည် ရီးယဲလ်မဒရစ်အသင်းတွင် သက်တမ်းတိုးလိုခြင်းမရှိကြောင်း ယင်းအသင်း၏ အားကစားညွှန်ကြားရေးမှူး ပရီဒရက်မီဂျာတိုဗစ်က ပြောကြားသည်။

ရီးယဲလ်မဒရစ်အသင်းသည် ၃၁နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ဟမ်းအား လက်ရှိကန်ထရိုက်စာချုပ်တွင် နောက်ထပ်နှစ်နှစ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့သည်။ ဘက်ဟမ်း၏ လက်ရှိကန်ထရိုက်စာချုပ်မှာ ဇွန်လတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ ***အင်တာနက်***

ရီးယဲလ်မဒရစ်အသင်းမှ မာဆယ်လို ခြေချင်းဝတ်တွင် ထိခိုက်ဒဏ်ရာရ

မဒရစ် ဇန်နဝါရီ ၁၁

ရီးယဲလ်မဒရစ်အသင်း၏ နောက်တန်းလူသစ် မာဆယ်လိုသည် ခြေချင်းဝတ်တွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ရက်သတ္တခြောက်ပတ်မျှ ဘောလုံးကစားနိုင်မည်မဟုတ်ကြောင်း ယနေ့အင်တာနက်သတင်း၌ ဖော်ပြသည်။

မာဆယ်လိုသည် ပြီးခဲ့သည့် ရက်သတ္တပတ်က ၎င်း၏အသင်းနှင့် ဒီပို့တီပို့အသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲအတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မာဆယ်လိုအတွက် ပွဲဦးထွက်ဘောလုံးပွဲဖြစ်သည့် ယင်းပွဲတွင် ရီးယဲလ်မဒရစ်အသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မာဆယ်လိုသည် ဘရာဇီးနိုင်ငံရှိ ဖလစ်မင်နီးစ်အသင်းမှ ရီးယဲလ်မဒရစ်အသင်းသို့ မကြာသေးမီက ရောက်ရှိလာခဲ့သည်။ မာဆယ်လိုသည် ခြေကျင်းဝတ် ထိခိုက် ဒဏ်ရာကြောင့် မတ်လအထိ ဘောလုံးကစားနိုင်ဖွယ်မရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အင်တာနက်***

ရီးယဲလ်မဒရစ် အသင်း၏ နောက်တန်းလူ မာဆယ်လို။ *(ဓာတ်ပုံ-အင်တာနက်)*

မန်စီးတီးအသင်းတွင် ပါဝင် ကစားခဲ့သူ ဘင်သက်ချာ။

(ဓာတ်ပုံ-အင်တာနက်)

ချာလ်တန်အသင်းမှ ထရာရိုအား ပို့စ်မောက်အသင်းသို့ ရောင်းချ

လန်ဒန် ဇန်နဝါရီ ၁၁

ချာလ်တန်အသင်းသည် ဒီဂျီမီထရာရိုအား ပို့စ်မောက်အသင်းသို့ ပေါင်ငွေတစ်သန်းဖြင့် ရောင်းချလိုက်ကြောင်း၊ ၎င်း၏နေရာတွင် မန်ချက်စတာစီးတီးအသင်းမှ ဘင်သက်ချာက အစားထိုးဝင်ရောက်လာကြောင်း ယနေ့အင်တာနက်သတင်း၌ ဖော်ပြသည်။

ဒီဂျီမီ ထရာရိုသည် လီဗာပူးအသင်းမှချာလ်တန်အသင်းသို့ အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေနှစ်သန်းဖြင့် ပြီးခဲ့သည့် ဩဂုတ်လကရောက်ရှိခဲ့သည်။

ချာလ်တန်အသင်းသည် ဘင်သက်ချာအား ခေါ်ယူရန် အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေ ငါးသိန်းပေးခဲ့ရသည်ဟု ခန့်မှန်းပြောဆိုလျက်ရှိကြသည်။ ***အင်တာနက်***

တိုက်စစ်မှူး အိုဘူကီအား ခေါ်ယူရန် ဝီဂန်အသင်း ဆွေးနွေးနေ

အော်စလို ဇန်နဝါရီ ၁၁

နိုင်ဂျီးရီးယားလူမျိုး တိုက်စစ်မှူး ချင်နီဒူးအိုဘူကီအား ခေါ်ယူနိုင်ရန် ဝီဂန်အသင်းဆွေးနွေးလျက်ရှိသည်ဟု ယနေ့အင်တာနက်သတင်းတွင်ဖော်ပြသည်။

ကြိုးပမ်း

နော်ဝေနိုင်ငံမှ လင်းအော်စလိုအသင်း၏ တိုက်စစ်မှူး အိုဘူကီအား ခေါ်ယူနိုင်ရန် ရုရှားနိုင်ငံမှ လိုကိုမိုးတစ်မော်စကိုအသင်းနှင့် စီအက်စ်ကေအေမော်စကို အသင်းတို့ကလည်း ကြိုးပမ်းလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

အသက် (၂၀)အရွယ်ရှိ အိုဘူကီအား အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေ သုံးသန်းဖြင့် ခေါ်ယူရန် သဘောတူညီချက် ရရှိပြီဆိုသော သတင်းများမှာ မှန်ကန်ခြင်းမရှိကြောင်း ဝီဂန်အသင်းနည်းပြ ပေါလ်ဂျဝဲလ်က ပြောကြားသည်။

ထိုစဉ်အတွင်း ဝီဂန်အသင်း၏ နောက်တန်းလူ ဒေးဗစ်ရိုက်သည် အစ်ပ်ဆွစ်ချ်တောင်းအသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။ ၎င်းအား အသင်းပြောင်းရွှေ့ကြေး မည်မျှဖြင့်ခေါ်ယူသည်ကို မသိရပေ။ ***အင်တာနက်***

လင်းအော်စလိုအသင်း၏ တိုက်စစ်မှူးအိုဘူကီ။ *(ဓာတ်ပုံ-အင်တာနက်)*

ဘာစီလိုနာအသင်းအား ယှဉ်ပြိုင်ရန် လီဗာပူး ပြင်ဆင်ထားဟုဆို

လန်ဒန် ဇန်နဝါရီ ၁၁

မိမိ၏အသင်းသည် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ဆုံတွေ့မည့် ဘာစီလိုနာအသင်း အရေးမလှဖြစ်စေရန်လုပ်ဆောင်နိုင်မည်ဟု မိမိယုံကြည်ကြောင်း လီဗာပူးအသင်းမှ ဇာဗီအလွန်ဆိုက ယနေ့ပြောကြားသည်။

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံး ၁၆ သင်း အဆင့်ပွဲစဉ်ကို ဖေဖော်ဝါရီလအတွင်း ကျင်းပမည်ဖြစ်သည်။

ထိပ်သီးအသင်းနှစ်သင်းဖြစ်သော ဘာစီလိုနာအသင်းနှင့် လီဗာပူအသင်းတို့သည် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် အကြိတ်အနယ် ပြင်ဆင်လျက်ရှိသည်။ ***အင်တာနက်***

စေတနာသမ္မာရဝတ်အသင်း
ရာပြည့်နှစ်အကြို (၅၆)ကြိမ်မြောက် ရွှေပြားသက်န်း
အလှူတော်အောင်ပွဲ

အထူးဓမ္မသဘင်

၂၀၀၇ ခုနှစ် စေတနာသမ္မာရဝတ်အသင်း၏ ရာပြည့်နှစ်အကြို (၅၆)ကြိမ်မြောက် ရွှေပြားသက်န်းအလှူတော်အောင်ပွဲ အထူးဓမ္မသဘင်အား အောက်ဖော်ပြပါ နေ့ရက်များအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုနာကြားတော်မူပါရန် ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

၁၃-၁-၂၀၀၇ (စနေနေ့) ဘဒ္ဒန္တ ကောသလ္လ(ဓမ္မစေတီဆရာတော်)
M.A (Buddhism) သာသနတက္ကသီလ မဟာဓမ္မာစရိယ
၁၄-၁-၂၀၀၇ (တနင်္ဂနွေနေ့) ဒေါက်တာကောဝိဒ (မဇ္ဈိမဂုဏ်ရည်ဆရာတော်)
သာသနတက္ကသီလ ဓမ္မာစရိယ ဓမ္မကထိကဗဟုဇနဟိတဓရ
၁၅-၁-၂၀၀၇ (တနင်္လာနေ့) ဘဒ္ဒန္တ အင်္ဂီသ (ပါဠိကာရီဆရာတော်)
ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ
၁၆-၁-၂၀၀၇ (အင်္ဂါနေ့) ဘဒ္ဒန္တ သုန္ဒရ (စွန်းလွန်းဂူဆရာတော်)
တိပိဋကဓရ၊ တိပိဋကကောဝိဒ
၁၇-၁-၂၀၀၇ (ဗုဒ္ဓဟူးနေ့) ဘဒ္ဒန္တ ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)သာသနဓဇ
ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သဒ္ဓမ္မဇောတိကဓဇ
၁၈-၁-၂၀၀၇ (ကြာသပတေးနေ့) ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ
(ရွှေရတု တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက)
၁၉-၁-၂၀၀၇ (သောကြာနေ့) ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ (အောင်ဆန်းဆရာတော်)
မဟာကမ္မဋ္ဌာနာစရိယ၊ မိုးကုတ်ဓမ္မကထိက
၂၀-၁-၂၀၀၇ (စနေနေ့) ဘဒ္ဒန္တ ကုန္ဒက (ချမ်းမြေ့မြိုင်ဆရာတော်)
၂၁-၁-၂၀၀၇ (တနင်္ဂနွေနေ့) ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်)တိပိဋကဓရ၊
တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ
၂၂-၁-၂၀၀၇ (တနင်္လာနေ့) ဘဒ္ဒန္တ ဆေကိန္ဒ (ဓမ္မဒူတ)
ဓမ္မကထိကဗဟုဇနဟိတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ
၂၃-၁-၂၀၀၇ (အင်္ဂါနေ့) သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ
(Ph.D) Litt (မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာပဏ္ဍိတ)

ကျင်းပမည့်အချိန်- ညစဉ် (၇း၃၀) နာရီတိတိ
ကျင်းပမည့်နေရာ- အထက(၁) ကျောင်းရှေ့၊ ဗားဂရာလမ်း၊
ကြည့်မြင်တိုင်မြို့နယ်။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မိသားစုသဖွယ် လေးစားခင်မင်ရင်းနှီးအားကိုးရပါသော **ဦးကံတင် (PKပဲအမျိုးမျိုးရောင်းဝယ်ရေး)** ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၇ဖြင့် သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် တိုင်းပြည်နှင့်သာသနာ့အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကိုမြင့်စိုး(မိုလ်ချုပ်ဈေး)၊ ကိုဝင်းသိန်း၊ ကိုဇော်မင်း၊ နီနီမြိုင့်(ပန်းအလှပြင်) သတို့သမီးဝတ်စုံနှင့် လက်ဝတ်ရတနာ မိသားစု

အမှတ်(၆၈-၆၉-၇၀)
အရှေ့ D ရုံ
ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရန်ကုန်မြို့
Ph;256411 လိုင်းခွဲ (604)

ကျောက်ဖြူအသင်း(ရန်ကုန်) အစည်းအဝေးဖိတ်ကြားခြင်း

ကျောက်ဖြူအသင်း(ရန်ကုန်)၏ ၂၀၀၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတို့ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလ(၂၁)ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ပါသည်။ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးအပူဇော်ခံမည့် အသင်းဝင်များနှင့် ၂၀၀၆ ခုနှစ် အခြေခံပညာအထက်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သား၊ သမီးများသည် ၁၆-၁-၂၀၀၇(အင်္ဂါနေ့) နောက်ဆုံးထား၍ နီးစပ်ရာ အမှုဆောင်များထံတွင် စာရင်းပေးသွင်းနိုင်ပါသည်။

နေရာ	။	။ **ရခိုင်ပြည်နယ်ဓမ္မာရုံ**
နေ့ရက်	။	။ **၂၁-၁-၂၀၀၇**
အချိန်	။	။ **နံနက် ၉း၀၀ နာရီ**
အကျွေးအမွေး	။	။ **ရခိုင်ထမင်းဖြင့်ဧည့်ခံပါမည်။**

အမှုဆောင်အဖွဲ့

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါ်ညွန့်ညွန့်ဝင်း(မန်နေဂျင်းဒါရိုက်တာ၊ပျားဝတ်ရည်အင်တာပရိုက်စ်)သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၇ ဖြင့် သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးစိန်ဝင်း-ဒေါ်တင်ဝင်း

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

တ/ဒဂုံစက်မှုဇုန်(၁) စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင် Dr. ဒေါ်ရီရီနွယ် (ရွှေဝတ်ရည် စက္ကူစက်ပိုင်ရှင်)အား နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်သည့် သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသဖြင့် မိသားစုနှင့်ထပ်တူဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် သာသနာအကျိုး၊ နိုင်ငံတော်အကျိုး ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များ၊ တောင်ဒဂုံစက်မှုဇုန်(၁)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ပြည်သာယာ ၁၈လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်က ကျင်းပစဉ်။

(မြို့နယ်စည်ပင်)

ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

လွိုင်ကော် ဇန်နဝါရီ ၅

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင် ခေါင်းဆောင်၍ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၀ ရက်မှ ၁၄ ရက်အတွင်း ဘော်လခဲခရိုင် ဘော်လခဲမြို့နယ်နှင့် ရွာသစ်များသို့ ကွင်းဆင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ခဲ့သည်။ အဆိုပါခရီးစဉ်၌ ဘော်လခဲ-ရွာသစ် လမ်းပိုင်းရှိ လမ်းများပြုပြင်ရန်၊ မြေပြိုကျတတ်သည့် နေရာများ၌ ကျောက်စီ မြေကာနံရံများ ပြုလုပ်ရန်နှင့်တံတားများ ပြုပြင်ရန်အတွက်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

ဒီဇင်ဘာ ၂၄ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ကျောက်တံခါးမြို့နယ် တောကျွဲအင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်မီးသတ်စခန်း တာဝန်ခံဦးဇော်မင်းဦးက အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများအား ဟောပြောပြီး ဒေသအရန်မီးသတ် တပ်ခွဲမှူးဦးကျင်စန်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဈေးအတွင်း မီးချိတ်၊ မီးကတ်၊ ရေအိတ်၊ သဲအိတ်များထားရှိမှုကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်ပြန်/ဆက်)

ရန်ကင်းမြို့နယ် ကျောက်ကုန်း၊ ကျောင်းလမ်းနေ အလှူရှင် ဒေါက်တာခင်ဇော်သိန်း-ဒေါက်တာ ခင်သန်းဆွေ၊ သား စိုးမိုးဇော် မိသားစုတို့က ဧရာဝတီတိုင်း ကျုံပျော်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေသော ချို့တဲ့လူနာများအတွက် ဆေးဖိုးငွေကျပ် ၁၂ သိန်းနှင့် ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၂၀ စုစုပေါင်း ကျပ် ၁၃၂သိန်းကို မဟာသန္တိသုခ ကျောင်းတော်ကြီး သံလွင်ခန်းမ၌ ဒီဇင်ဘာ ၂၃ ရက်က ပေးအပ်လှူဒါန်းရာ ကျုံပျော်မြို့ မြတ်စေတနာ ဆေးပဒေသာပင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများက လက်ခံစဉ်။ (က-ပ)

သီတဂူအရှင်ဒေဝိန္ဒာဘိဝံသ တရားပွဲကျင်းပမည်

စစ်ကိုင်း ဇန်နဝါရီ ၁၁

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်၊ သာမဏေကျော် သကျသီဟ ဓမ္မာစရိယ၊ အစိုးရ ဓမ္မာစရိယ အရှင်ဒေဝိန္ဒာဘိဝံသ အရှင်သူမြတ်သည် ဇန်နဝါရီ ၂၂ ရက်ညတွင် သုံးခွမြို့ ဗုဒ္ဓလမ်းစဉ် ဓမ္မသဘင်၊ ၂၃ ရက်တွင် စစ်ကိုင်းရှင်ပြုအလှူ၊ ၂၄၊ ၂၅ နှင့် ၂၆ ရက်တွင် မိတ္ထီလာမြို့ သာသနာ့ဗိမာန်၊ ၂၇ ရက်တွင် ဝမ်းတွင်းမြို့ မြတ်စောညီနောင် ဗုဒ္ဓပူဇနိယပွဲ၊ ၂၈ ရက်တွင် မုံရွာ သာမဏေကျော် စာပြန်ပွဲ၊ ၂၉ ရက်တွင် မြစ်သားအလှူနှင့် ၃၀ ရက်တွင် သဃ်န်းကျွန်း ရန်ကုန်တို့၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

(၇၇)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၁

ဦးမြင့်စိုး လူမှုထူးချွန် တတိယဆင့်၊ အကောက်ခွန်ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (ငြိမ်း)၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အမှုဆောင် **(ယာပုံ)**သည် ရန်ကုန် ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် ဇန်နဝါရီ ၁ ရက်က (၇၇)ကြိမ်မြောက် သွေးလှူဒါန်းသည်။ **(က-ပ)**

ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

မြောင်းမြ ဇန်နဝါရီ ၁၁

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးဆက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် "အေအိုင်ဒီအက်စ် တိုက်ဖျက်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့" ကျန်းမာရေးပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၁၀ ရက်က မြောင်းမြမြို့ ပညာရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြောင်းမြခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ခရိုင်ဆရာဝန်ကြီး ဒေါ်ဖြူဖြူက အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါအကြောင်း ပညာပေးဟောပြောသည်။ **(မြို့နယ်ပြန်/ဆက်)**

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာမာကါပါကဲလ် အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့၌ ကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံထိပ်သီး ညီလာခံနှင့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံရုံး-သံရုံးယာယီတာဝန်ခံ Mr. Joselito Chad N.Jacinto, Jr တို့က နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားကြသည်။

ထို့အတူ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့သည် ထိပ်သီးညီလာခံမတိုင်မီ ကြိုတင်ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ရန် ဇန်နဝါရီ ၈ ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့သို့ ကြိုတင်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) (၄)နှစ်သင်တန်း အမှတ်စဉ်(၃၈)သင်တန်းသား၊ သင်တန်းသူများ၏ လေ့လာရေးခရီးစဉ်နှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြေးမုံ ဆောင်းပါးအညွှန်း

The Mirror

❐ **"ယခုအခါ နိဘယ်လ်ဆု၏ သရုပ်ပျက်မှုကို နိုင်ငံတကာ ပြည်သူတို့နှင့်အတူ မြန်မာပြည်သူတို့ကလည်းသိနေကြပြီဖြစ်သည်။ နိဘယ်လ်ဆုသည် နယ်ချဲ့လက်သစ်၏ အသုံးတော်ခံဘဝ ရောက်နေရသည်ဖြစ်ရာ နိဘယ်လ်ဆုရှင်များ၏ လှုပ်ရှားမှုသည် ရုပ်သေးရုပ် လှုပ်ရှားမှုသာဖြစ်၍ မည်သို့မျှ အသက်မဝင် အရာမထင်နိုင်တော့ပြီ"**

မောင်ဖိုးမှတ်၏ **"နယ်ချဲ့လက်သစ်၏ အသုံးတော်ခံဘဝ ရောက်နေရသည့် နိဘယ်လ်ဆု"**

(ဆောင်းပါး) စာမျက်နှာ(၈-၉)

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) အမှတ်စဉ်(၃၈) သင်တန်းသား လေ့လာရေးခရီးစဉ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) (၄)နှစ်သင်တန်း အမှတ်စဉ်(၃၈) သင်တန်းသား၊ သင်တန်းသူများ၏ လေ့လာရေးခရီးစဉ်နှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ် ပေါင်းလောင်းခန်းမ၌ကျင်းပရာ သင်တန်းသားလေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ မြန်မာနှင့်ထိုင်း ယှဉ်ပြိုင်ကစားကြပုံ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ၂၀၀၇ အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ အုပ်စု(က) ပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၂ရက် ည ၆နာရီခွဲတွင် မြန်မာနှင့်ထိုင်း ယှဉ်ပြိုင်ကစားပုံများကို MRTV 4 မှ တိုက်ရိုက် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)